မေး ဥပစယ သန္တတိကို စတုသမုဋ္ဌာနိကရုပ်ဟုယူခဲ့သော် လက္ခဏာရုပ်ခြင်းတူသော ဇရတာနှင့် အနိစ္စတာကိုလည်း စတုသမုဋ္ဌာနိကကောက်ယူအပ်ပါသလော ရှင်းပြခဲ့ပါ။

ဖြေ။ မကောက်ယူသင့်ပါ၊ ဥပစယ, သန္တတိကား စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စ ဖြစ်စဉ်ဖြစ်၍ ဇနက

http://www.dhammadownload.com



သတ္တိရှိစဉ်အခိုက်၌ ဖြစ်ရကား စတုသမုဋ္ဌာနိကအမည်ကို ရသော်လည်း ဇရတာ အနိစ္စတာတို့ကား စတုသမုဋ္ဌာနိကရုပ်တို့၏ ရင့်စဉ် ပျက်စဉ်၌ဖြစ်ရကား ဇနကသတ္တိ ငြိမ်းဆဲဖြစ်သောကြောင့် စတုသမုဋ္ဌာနိကရုပ်ဟူသော အမည်ကို မရနိုင်သောကြောင့် မကောက်ယူသင့်ပါ။(ကောက် - ၆၈၈)

မေး ဇရတာ, အနိစ္စတာ တို့ကို စတုသမုဋ္ဌာနိကရုပ်ဟု မယူခဲ့သော် "ဇရာ မရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ" ဟူသော သုတ္တန်ပါဠိနှင့် ဆန့်ကျင် မဆန့်ကျင် ရှင်းပြပါ။

ဖြေ။ မဆန့်ကျင်ပါ၊ သုတ္တန်၌ သင်္ခတ ပဋိစ္စ သမုပ္ပန္န ဖြစ်ကြောင်းလာသည်ကားမှန်၏။ ထိုသို့ လာရသည်မှာ ၎င်းဇရတာ အနိစ္စတာတို့ကို စတုသမုဋ္ဌာနိကရုပ်တို့၏ ရင့်ခြင်း ပျက်ခြင်း အခိုက်အတန့်ဖြစ်၍ ပရိယာယ်အားဖြင့် ဟောတော်မူ၏။ မုချအားဖြင့် ဟောတော်မမူသောကြောင့် မဆန့်ကျင်ပါ။ (ကောက်- ၆၉၀)

မေး ဥပစယ သန္တတိ ဇရတာ အနိစ္စတာတို့သည် မုချအားဖြင့် နကုတောစိ သမုဋ္ဌာန် အကြောင်းကြောင့် မဖြစ်ခဲ့သော် ယုန်ချိုကဲ့သို့ မရှိသောတရားသည်၎င်း၊ နိဗ္ဗာန်ကဲ့သို့ နိစ္စတရားသည်၎င်း ဖြစ်သည် မဟုတ်ပါလော ရှင်းပြခဲ့ပါ။

ဖြေ။ မဖြစ်နိုင်ရာ။ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့ကို မှီ၍ဖြစ်သောကြောင့် ၎င်းတို့ ထင်ရှားဖြစ်လတ်သော် လက္ခဏာရုပ်တို့လည်း ထင်ရှားဖြစ်သောကြောင့် ယုန်ချိုကဲ့သို့ မရှိသောတရား, နိဗ္ဗာန်ကဲ့သို့ နိစ္စတရားမျိုး မဖြစ်နိုင်ပါ။ (ကောက်- ၆၉၁)

မေး ဇရတာ, အနိစ္စတာတို့သည် တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်ဘဲလျက် သုတ္တန်ပါဠိ၌ "ဇရာ မရဏံ ဘိက္ခဝေ" စသော စကားကို ပရိယာယ်အားဖြင့် ဟောပြန်သနည်း။ မဟောဘဲနေလျှင် ကောင်းမည် မဟုတ်ပါလော။

ဖြေ။ မဟောဘဲ မနေရာ။ မဟောခဲ့သော် ဝေနေယျတို့မှာ ၎င်းတရားတို့ကား နတ္ထိဘာဝ, နိစ္စဘာဝ အဖြစ်ဖြင့် မှားသောနှလုံးသွင်းခြင်းသည် ဖြစ်ရာ၏။ ထိုမှားသော နှလုံးသွင်းခြင်းကိုတားမြစ်အံ့သောငှာ ဟောတော်မူပါသည်။ (ကောက်- ၆၉၁)

မေး ကုသလပဒ ဧကမူလယမက ကောက်ရာဝယ် ကုသိုလ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော၌ ယထာရဟပြုပုံကို ထင်ရှားအောင်ပြပါ။

ဖြေ။ စိတ်ဖြစ်သောအခါ ရုပ်ဖြစ်သည်ဆိုသော်လည်း စိတ္တဇရုပ် သတ္တရသလုံး မဖြစ်နိုင်။ သက်သက်သောအခါ သုဒ္ဓဋ္ဌက ကလာပ်ကို။ ကိုယ်အင်္ဂါ လှုပ်ရှားသောအခါ ကာယ ဝိညတ္တိ နဝက ကလာပ်ကို။ နှုတ်အင်္ဂါလှုပ်ရှားသောအခါ ဝစီဝိညတ္တိ ဒသက ကလာပ်ကို။ ဓာတ်ညီညွတ်သောအခါ လဟုကာ ဒေကာ ဒသက ကလာပ်ကို ဖြစ်စေ၏။ ဤသို့ထိုက်သင့်သလို ဖြစ်သည်ကိုရည်၍ ယထာရဟ ပြုအပ်သောဟု ဆိုပါသည်။ (ကောက်- ၆၉၂)

မေး စိတ္တဇရုပ်တို့သည် စိတ်ကြောင့်ဖြစ်သလော၊ စေတသိက်ကြောင့် ဖြစ်သလော ရှင်းပြပါ။

ဖြေ။ စိတ္တဇရုပ်တို့သည် စိတ်ကြောင့်သာဖြစ်သည်လည်းမဟုတ်၊ စေတသိက်ကြောင့်သာဖြစ်သည်လည်း

http://www.dhammadownload.com



မဟုတ်၊ စင်စစ်ကား စိတ် စေတသိက်တို့သည် တဥပါဒ်တည်းဖြစ်၍ ရုပ်ကိုဖြစ်စေသောကြောင့် စိတ်စေတသိက် နှစ်ပါးစုံကြောင့် ဖြစ်သည်ဟု မှတ်ရပါသည်။ (ကောက်- ၆၉၂)

မေး စိတ် စေတသိက်နှစ်ပါးစုံကြောင့်ဖြစ်လျက် စိတ္တစေတသိကဇရုပ်ဟု မခေါ်ဘဲ စိတ္တဇရုပ်ဟုသာ အဘယ်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ စိတ် စေတသိက်နှစ်ပါးစုံကြောင့် ဖြစ်သည်ကား မှန်၏။ သို့သော် လောကီ ဒေသနာကို ဟောရာဝယ် စိတ်သာ အဓိက ပြဋ္ဌာန်းသောကြောင့် စိတ္တစေတသိကဇရုပ်ဟု မခေါ်ဘဲ စိတ္တဇရုပ်ဟုသာ ခေါ်ပါသည်။ (ကောက်- ၆၉၂/၆၉၃)

မေး ဧကမူလ ယမက၌ ကုသိုလ်နှင့်တူသော မူလရှိ၏ဟုဆိုရာဝယ် အတူတကွဖြစ်ကာမျှကို တူသော မူလရှိ၏ဟု ဆိုပါသလော၊ သို့မဟုတ် အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်၍ဖြစ်သည်ကို တူသော မူလရှိ၏ဟု ဆိုပါသလော၊ အတူတကွ ဖြစ်ခါမျှကို တူသောမူလရှိ၏ဟု ဆိုခဲ့သော် အပူဥပါဒ် သော ဥတုဇရုပ်, အာဟာရဇရုပ်ကိုလည်း ရခဲ့၏၊ ရှင်းပြပါ။

ဖြေ။ အတူတကွ ဖြစ်ကာမျှကို တူသောမူလရှိ၏ဟု မဆိုနိုင်သည့်အတွက် အပူဥပါဒ်သော ဥတုဇရုပ်, အာဟာရဇရုပ်တို့ကို မရနိုင်ပါ။ အကြောင်းအကျိုး၏ အဖြစ်ဖြင့်စပ်၍ဖြစ်သည်ကိုသာ တူသော မူလရှိ၏ဟု ဆိုလိုပါသည်။ (ကောက်- ၆၉၃)

မေး အဘယ်သို့ ကြောင်း, ကျိုး၏ အဖြစ်ဖြင့် စပ်၍ဖြစ်သည်ကို ရှင်းပြခဲ့ပါ။

ဖြေ။ ဟိတ်ခြောက်ပါးတရားကား ဟေတုပစ္စည်း၏ အကြောင်းတရား စိတ္တဇရုပ်တို့ကား ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် အကျိုးတရား။ ဤသို့ ကြောင်း, ကျိုး၏ အဖြစ်ဖြင့် စပ်၍ဖြစ်ပါသည်။(ကောက်-၆၉၃)

မေး အညမည မူလယမက၌ "ယေကေစိ ကုသလာ"ဟု ဟောတော်မမူဘဲ "ယေ ကေစိ ကုသလ မူလေန ဧကမူလာ"ဟု ဟောတော်မူသနည်း။

ဖြေ။ ကုသလသဒ္ဒါ၏ အနက်သည် ကုသလ မူလေန ဧကမူလ သဒ္ဒါ၏ အနက်၌ဝင်လေပြီးဖြစ်သော ကြောင့် "ယေကေစိ ကုသလာ"ဟု ဟောတော်မမူဘဲ "ယေကေစိ ကုသလမူလေန ဧကမူလာ"ဟု ဟောတော်မူသည်။ (ကောက်- ၆၉၄)

မေး အညမည မူလယမက၌ အနုလုံဝိသဇ္ဇနာဝယ် "မူလာနိ ယာနိ"ဟု ဟောတော်မူပြီးဖြစ်ပါလျက် အဘယ်အကျိုးငှာ "ကုသလ မူလာနိ"ဟု ထပ်၍ဟောပါသနည်း။

ဖြေ။ "မူလာနိ ယာနိ" ဟူသောစကားသည် သာမညဖြစ်၍ ကုသိုလ်မူလ, အကုသိုလ်မူလ, အဗျာကတ မူလနှင့် ဆက်ဆံနေသည်။ ဤနေရာ၌ ကုသလမူလသာ ယူရမည်ဟု အနက်ထူးကို ပြခြင်းငှာ ထပ်၍ဟောပါသည်။ (ကောက်- ၆၉၄)

မေး အညမည မူလယမက ပဋိလောမပုစ္ဆာ၌ "သဗ္ဗေတေ ကုသလ မူလေန ဧကမူလာ"ဟု မဟောဘဲ အဘယ်ကြောင့် "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟု ဟောပါသနည်း။

* ယမကအဋ္ဌကထာအလိုအားဖြင့် သဗ္ဗေတေကုသလာ *

http://www.dhammadownload.com



ဖြေ။ "သဗ္ဗေ တေ ကုသလ မူလေန ဧကမူလာ" ဟု ပုစ္ဆာကိုဟောခဲ့သော် အောက်အနုလောမ၌ ဆိုအပ်သော "မူလာနိ ယာနိ (ပ) ဟူသော မူလအဖြေသည် ဖြစ်ရာ၏။ ထိုသို့ဖြစ်ခဲ့သော် အထူးအနက်မရှိရာ၊ အနက်အထူးမရှိသောကြောင့် ပုစ္ဆာကို မဟောဘဲ "သဗ္ဗေ တေ ကုသလာ"ဟု ဟောပါသည်။
(ကောက်- ၆၉၅)

* ယမကမူလဋီကာအလို *

(တနည်း) သန္နိဋ္ဌာန်ဝယ်အညမညမူလအဖြစ်ကိုဆုံးဖြတ်ပြီးသော တရား၌ ဧကမူလအဖြစ် သံသယမရှိသောကြောင့် "သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ" ဟု ပုစ္ဆာမပြုဘဲ "သဗ္ဗေ တေ မမ္မာ ကုသလာ" ပြုတော်မူသည်။ (ကောက်- ၆၉၅)

မေး မူလနယနှင့် မူလမူလနယတို့မှာ အနက်အထူးမရှိဘဲ အဘယ်ကြောင့် မူလမူလနယကို ထပ်ဟောပါသနည်း။

ဖြေ။ ရှေးဖြစ်သော မူလသဒ္ဒါ၊ ဧကမူလသဒ္ဒါ၊ အညမညမူလသဒ္ဒါတို့ဖြင့် နောက်ဖြစ်သော မူလသဒ္ဒါကို အထူးပြုခြင်းဟူသော ဒေသနာတပါးဖြင့် ထင်ရှားဖြစ်စေခြင်းငှာ မူလမူလနယကို ထပ်၍ဟောပါသည်။ (ကောက်- ၆၉၇)

မေး အဗျာကတ ဧကမူလယမက အနုလောမ သန္နိဋ္ဌာန် အရကောက်ရာ၌ ပဋိသန္ဓေစိတ် စုတိစိတ်တို့သည် ရုပ်ကို မဖြစ်နိုင်ပါလျှက် အဘယ်ကြောင့် ထည့်၍ကောက်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၊ စုတိစိတ်တို့ကား ဘဝင်စိတ်နှင့် ထူးခြားခြင်းမရှိ ပဋိသန္ဓေကိစ္စ စုတိကိစ္စ တပ်ခိုက် ရုပ်ကိုမဖြစ်စေနိုင်သော်လည်း ဘဝင်ကိစ္စတပ်ခိုက် ရုပ်ကိုဖြစ်စေနိုင်သောကြောင့် ထည့်၍ကောက်ပါသည်။ (ကောက်- ၆၉၈)

မေး ရုပ်ကို မဖြစ်စေနိုင်သောစိတ်တို့ကို ရေတွက်ပြပါ။

ဖြေ။ (၁) ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်။

(၂) ရဟန္တာတို့၏ စုတိစိတ်။

(၃) ဒွေးပဉ္စဝိညာဏ် တစ်ဆယ်။

(၄) အရူပဝိပါတ်လေးခု။ ပေါင်းတစ်ဆယ့်ခြောက်ပါသည်။ (ဝိဘင်္ဂအဋ္ဌကထာ)

(မှတ်ချက်) ။ မူလဋီကာ ဆရာကား ရဟန္တာတို့၏ စုတိစိတ်သာမဟုတ် ခပ်သိမ်းသောသူတို့၏ စုတိစိတ်ကိုလည်းယူ။

အနုဋီကာ ဆရာကား ခပ်သိမ်းသောသူတို့၏ စုတိစိတ်သာမဟုတ်၊ စုတိစိတ်မှ ရှေး သတ္တရသမစိတ်မှ စုတိစိတ်တိုင်အောင်ယူ။ (ကောက်- ၇၀၀)

မေး ပဋိသန္ဓေစိတ်သည် အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေပါသနည်း။

ဖြေ။ မှီရာဝတ္ထုရုပ်အားနည်းသောကြောင့်ရင်း၊ ထောက်တည်ရာမရသောကြောင့်ရင်း၊ ပစ္ဆာဇာတပစ္စည်း (ပုရေဇာတပစ္စည်း+ယမကတ္တ)ချို့တဲ့သောကြောင့်ရင်း၊ ဖြစ်သစ်စ ညှိုးသည်ဖြစ်သောကြောင့်ရင်း ရုပ်ကိုမဖြစ်စေနိုင်ပါ။(ဝိဘင်္ဂအဋ္ဌကထာ)

http://www.dhammadownload.com



ကံအဟုန်ပစ်ချလိုက်သဖြင့်၎င်း၊ ထောက်တည်ရာ ဝတ္ထုရုပ်မရှိသဖြင့်၎င်း၊ အားနည်းသောကြောင့်၎င်း ရုပ်ကိုမဖြစ်စေနိုင်ပါ။ (ပဋ္ဌာန အဋ္ဌကထာ)

မေး ရဟန္တာတို့၏စုတိစိတ်၊ ဒွေပဉ္စ ဝိညာဉ်တဆယ်၊ အရူပဝိပါက် စိတ်လေးခုတို့သည် အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေပါသနည်း။

ဖြေ။ ✱ ရဟန္တာတို့၏ စုတိစိတ်သည် ဝဋ်မြစ်၏ ငြိမ်းအေးပြီးသည်၏အဖြစ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။
✱ ဒွေပဉ္စဝိညာဉ် တဆယ်တို့၌ ဈာနင်, မဂ္ဂင်, ဟိတ် မရှိသည်ဖြစ်၍ စိတ်အင်္ဂါအားနည်းသည်၏ အဖြစ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။
✱ အရူပဝိပါက်စိတ်တို့သည် ထိုအရူပဘုံ၌ ရုပ်မရှိသည်၏အဖြစ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။
(ဝိဘင်္ဂအဋ္ဌကထာ) (ကောက်- ၇၀၁/၇၀၂)

မေး အဗျာကတာ မူလေန ဧကမူလာ၌ ပဋိသန္ဓေကမ္မဇရုပ်ကိုသာကောက်၍ ပဝတ္တိကမ္မဇရုပ်ကို မကောက်သနည်း။

ဖြေ။ ပဋိသန္ဓေကမ္မဇရုပ်ကိုကား စိတ်နှင့်စပ်၍ဖြစ်သောကြောင့် ကောက်ရပါသည်။ ပဝတ္တိကမ္မဇရုပ်ကိုကား စိတ်ရှိသော်လည်း စိတ်နှင့်စပ်၍ မဖြစ်သောကြောင့် မကောက်ရပါ။ (ကောက်- ၇၀၂)

မေး ကမ္မဇရုပ်တို့သည် အဘယ်ကြောင့် ပဋိသန္ဓေအခါ၌သာ စိတ်နှင့်စပ်၍ ပဝတ္တိအခါ စိတ်နှင့်မစပ်ပါသနည်း၊ ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

ဖြေ။ ရှေးဦးစွာ သစ်ပင်ပေါက်ရာဝယ် လယ်မြေရေရှိသော်လည်း မျိုးစေ့ကြောင့် ပေါက်သကဲ့သို့၎င်း၊ နောက်ထပ်ကြီးပွားရာဝယ် မျိုးစေ့မရှိသော်လည်း မြေ၏အာနုဘော်ကြောင့် ကြီးပွားသကဲ့သို့ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့သည် ကံတဏှာရှိသော်လည်း စိတ်နှင့်စပ်၍ ဖြစ်ကြသည်။ ပဝတ္တိအခါစိတ်ရှိသော်လည်း ကံနှင့်သာ စပ်၍ဖြစ်ကြသောကြောင့်စိတ်နှင့်မစပ်ပါ။ (ကောက်-၇၀၃)

မေး စိတ်, စေတသိက်, နိဗ္ဗာန်တို့သည် နာမ်မည်၍ ရုပ်ကား နာမ်မမည်ပါသနည်း။

ဖြေ။ စိတ်, စေတသိက်, နိဗ္ဗာန်တို့ကား အမည်နှင့်ကင်း၍ မထင်ရှားသောကြောင့် နာမ်မည်၏။ ရုပ်ကား အမည်နှင့်ကင်း၍ ထင်ရှားသောကြောင့် နာမ်မည်ခြင်းမှ ကင်း၏။ (ကောက်-၇၀၃ )

မေး နာမ ပဒ ဧကမူလယမက ဝိသဇ္ဇနာဝယ် (အဟေတုကံ နာမံ နာမမူလေန ဧကမူလံ) ဟူ၍၎င်း၊ အဟေတုကံ နာမမူလေန ဧကမူလံဟူ၍၎င်း ပါဌ်နှစ်ထွေရှိရာ အဘယ်ပါဌ် မှန်ပါသနည်း။

ဖြေ။ ပါဌ်နှစ်ထွေစလုံးပင် မှန်ပါသည်။ နာမံပါသောပါဌ်ကို အလွန်ထင်ရှားစေလိုသည့်အတွက် ထည့်၍ ဟောပါသည်။ နာမံ မပါသောပါဌ်ကို“ယေကေစိ နာမာဓမ္မာ”ဟူသောပါဌ် ထုတ်နုတ်ပြီးဖြစ်၍ သိလောက်သဖြင့် မထည့်ဘဲဟောပါသည်။

**မူလယမိုက်ပြီး၏။**

http://www.dhammadownload.com



(၁) ခန္ဓာတို့၏အမည်ကို သုခ်သင်တတ်သောကြောင့် ပဏ္ဏတ္တိဝါရ။
(၂) ခန္ဓာတို့၏ စုတိပဋိသန္ဓေ၊ အဖြစ်အပျက်၊ ဥပ္ပါဒ နိရောဓအားဖြင့် ဖြစ်ခြင်းကို သုခ်သင်တတ်သောကြောင့် ပဝတ္တိဝါရ။
(၃) ထိုအစဉ်ဖြင့် ဖြစ်သော ခန္ဓာတို့ကို အကျဉ်းအားဖြင့် သုံးပါးသောပရိညာကိုပြလျှက် ဖြစ်တတ်သောကြောင့်, ပရိညာဝါရ။
(၄) ခန္ဓာကား ဤမျှသာ အယုတ်အလွန်မရှိဟူ၍ ပိုင်းခြားသောကြောင့် ပရိစ္ဆေဒဝါရ။
(၅) ပိုင်းခြားအပ်ပြီးသော ခန္ဓာတို့ကို အကျဉ်းပြသောကြောင့် ပရိစ္ဆိန္နုဒ္ဒေသဝါရ။
(၆) ဤနည်းလေးပါးဖြင့် ခွဲခြမ်း၍ပြသောကြောင့် ဝိဘင်္ဂဝါရ။
(၇) ပုဒ်ကို သုခ်သင်သောအားဖြင့် ဖြစ်သောကြောင့် ပဒသောဓန ဝါရ။
(၈) ပဒသောဓနလျှင် အရင်းရှိသော စက်ကိုဖွဲ့၍ ဖြစ်သောကြောင့် ပဒသောဓန မူလစက္ကဝါရ။
(၉) သက်သက်သောခန္ဓာတို့ကို ဟောသောကြောင့် သုဒ္ဓခန္ဓဝါရ။
(၁၀) သက်သက်သောခန္ဓာကို အရင်းပြု၍ စက်ကိုဖွဲ့သောကြောင့် သုဒ္ဓခန္ဓ မူလစက္ကဝါရ မည်၏။
(ကောက်- ၅၁/၅၂)

မေး မူလယမိုက် အခြားမဲ့၌ အာယတန ယမိုက်စသည်ကို မဟောဘဲ အဘယ်ကြောင့် ခန္ဓယမိုက်ကို ဟောတော်မူပါသနည်း။
ဖြေ။ အာယတန- ၁၂ ပါး၊ ဓာတ်- ၁၈ ပါး ရှိသဖြင့် အပြားများရကား ဟောတော်မမူ။ ခန္ဓကား ငါးပါးသာရှိ၍ အပြားနည်းသောကြောင့် ခန္ဓယမိုက်ကို ဟောတော်မူပါသည်။

မေး အပြားနည်းသောကြောင့် ဟောတော်မူခဲ့လျှင် သစ္စာယမိုက်ကို ဟောသင့်သည် မဟုတ်ပါလော။
ဖြေ။ မဟောသင့်ပါ။ ခန္ဓယမိုက်ကား နိဗ္ဗာန်မှတပါး အလုံးစုံသောတရားတို့ကို သိမ်းကျုံးမိသောကြောင့် ခန္ဓယမိုက်ကိုသာ ဟောသင့်ပါသည်။ (ကောက်- ၇၀၅)

မေး ခန္ဓာတို့ကို အယုတ်, အလွန်မရှိ ငါးပါးသာ ဟောပါသနည်း။
ဖြေ။ အလုံးစုံသော သင်္ခတတရားတို့ကို တူရာပေါင်း၍ ယူခြင်းကြောင့်ရင်း၊ ငါ, ငါ၏ဥစ္စာဟု စွဲလန်းခြင်းသည် ခန္ဓာငါးပါးသာလျှင် အတိုင်းအရှည်ရှိသောကြောင့်ရင်း၊ တပါးသောတရားတို့၏ ခန္ဓာငါးပါးတို့၌ သက်ဝင်ခြင်းကြောင့်ရင်း၊ အယုတ် အလွန်မရှိ ငါးပါးသာ ဟောရပါသည်။ (ကောက်-၇၀၅)

မေး အဘယ်ကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောရပါသနည်း။
ဖြေ။ ယှူလွယ်စေခြင်းငှာ စက္ခုဝိညာဏ် စသည်တို့၏ အာရုံဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောရပါသည်။ (ကောက်- ၇၀၆)

*** ခန္ဓသဒ္ဒါဟောသောအနက် ***

(၁) ဂုဏ်ကျေးဇူးအနက်။ (၂) အပေါင်းအစုအနက်
(၃) အမည်သညာအနက်။(၄) တင်စားခြင်းအနက် (ဓာန်)(ကောက်- ၇၀၇)
ဤလေးပါးသော အနက်တို့တွင် ရူပက္ခန္ဓော၌ "ခန္ဓ" သဒ္ဒါသည် ရာသိအနက်၌ဖြစ်၏။

http://www.dhammadownload.com



မေး အဘယ်တရားတို့ကို ပေါင်းစုထားသောကြောင့် ခန္ဓာမည်ပါသနည်း။

ဖြေ။ အတိက်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သုခုမ, ဩဠာရိက, ဟီန, ပဏီတ, ဒူရ, သန္တိက ဖြစ်သော တရားတို့ကို ပေါင်းစုထားသောကြောင့် ခန္ဓာမည်ပါသည်။ (နာမရူပ ပရိစ္ဆေဒ)(၇၀၇)

## * ပရိညာ (၃) ပါးယ ထက္ကမဖြစ်ပုံ *

ရုပ်သည်ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဖဿသည်ဖောက်ပြန်ခြင်း လက္ခဏာရှိ၏ အစရှိသဖြင့် သာမည ဝိသေသလက္ခဏာတို့ကို သိမ်းဆည်းသောဉာဏ်ဟူသော ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိသည် ဉာတ ပရိညာ။

ထို့နောက် သစ္စာနုလောမ ဉာဏ်တိုင်အောင်သောဉာဏ်သည် တီရဏပရိညာ။

ဥဒယဗ္ဗယာနုပဿနာ မှစ၍ မဂ်တိုင်အောင်သော ဉာဏ်သည် ဝိတရဏပရိညာ ဖြစ်ပါသည်။ ( ဝိဘင်္ဂ-မူဋ္ဌီ ) (အရကောက်နှာ ၇၀၉ )

* ဥဒယဗ္ဗယာနုပဿနာဟူသည် ဆယ်ပါးသောဝိပဿနာဉာဏ်ပင်။

မေး အဘိဓမ္မာ ဒေသနာသည် အဘိညေယျကထာဖြစ်ခဲ့လျှင် မူလယမိုက်ဝယ် အဘယ်သို့ အဘိညေယျ ကထာဖြစ်သနည်း။

ဖြေ။ အကြောင်းကို သိမ်းဆည်းခြင်း အဆုံးရှိသော ဉာဏ်သည် ဉာတပရိညာမည်ရကား အကြောင်းကို ပြတတ်သော မူလယမိုက်ဝယ် ဉာတပရိညာဖြစ်ပါသည်။ (ယမက မူဋ္ဌီ) (ကောက်- ၇၁၀)

မေး စက်ဆိုသည်မှာ ဝန်းဝိုင်းသောကြောင့် ဆိုပါသလော။

ဖြေ။ ဝန်းဝိုင်းသောကြောင့် စက်ဟုဆိုသည်မဟုတ်ပါ။ လှည်းဘီးစက်နှင့်တူသောကြောင့် စက်ဟု ဆိုပ် သည်။ (ယမကမူဋ္ဌီ) (ကောက်- ၇၁၀)

မေး သုဒ္ဓခန္ဓဝါရ ပဋိလောမ၌ ခန္ဓာရူပ်ဟု သာမညသာရှိလျှက် အဘယ့်ကြောင့် ရူပ်ကို ရူပက္ခန္ဓာဟု ဝိသေသန ယောဇနာသနည်း။

ဖြေ။ ရူပ်ဟုသာ သာမညရှိသည်ကား မှန်၏။ နိဒ္ဒေသဝါရ၌ ရူပက္ခန္ဓာစသည်ဖြင့် ဝိသေသ ဝေဘန် သောကြောင့် ရူပက္ခန္ဓာဟု ဝိသေသန ယောဇနာသည်။ (ယမက-၄) (ကောက်- ၇၁၁)

မေး သဒ္ဒါရှိတိုင်း မယောဇနာဘဲ သဒ္ဒါကိုလွန်၍ ယောဇနာခြင်းကိုကား ပါဠိတော်ဝယ် "ရူပ်"မရှိ။ "ရူပက္ခန္ဓော" သာရှိ၏ဟူသော အနက်သည် ရောက်ရာသည်မဟုတ်ပါလော။

ဖြေ။ ပါဠိတော်၌ "ရူပ်" သာရှိသော်လည်း သဒ္ဒါကို ပမာဏမပြု အနက်သာ ပမာဏပြု၍ ယောဇနာ သည်၊ ပါဠိတော်၌ ရူပက္ခန္ဓောရှိ၍ ယောဇနာသည် မဟုတ်ပါ။ (ယမက-၄) (ကောက်- ၇၁၁)

မေး ပီယရုပ်, သာတရုပ်၌ ရုပ်အဋ္ဌဝီသပင်ဖြစ်လျှက် "န ရူပက္ခန္ဓော" ဟု အဘယ့်ကြောင့် ဟောတော် မူပါသနည်း။

ဖြေ။ ရုပ်အဋ္ဌဝီသပင်ဖြစ်သော်လည်း ပီယရုပ် သာတရုပ် မည်သောရုပ် အဋ္ဌဝီသကား ချစ်အပ်, သာယာ အပ်သော အပေါင်းရုပ်ဖြစ်၍ ရူပအမည်သာရသည်။ ရူပ္ပနသဘောမရှိ၍ ရူပက္ခန္ဓာ အမည်မရ။

http://www.dhammadownload.com



ထို့ကြောင့် "န ရူပက္ခန္ဓော" ဟု ဟောတော်မမူ။
(တနည်း) ချစ်အပ်, သာယာအပ်သော ရုပ်အဌဝီသသည် ပိယရုပ်သို့ဝင်၍ ရုပ္ပန သဘောရှိသော ရုပ်အဌဝီသသို့ မဝင်သောကြောင့် "နရူပက္ခန္ဓော" ဟု ဟောတော်မမူ။ (ယမကမူဋီ) (၇၁၂)

မေး ပိယရုပ်, သာတရုပ် ဟူရာဝယ် တဏှာ အာရုံပြုသောအခါသာလျှင် မည်သလော၊ သို့မဟုတ် မပြုသောအခါ၌လည်း မည်သလော။

ဖြေ။ မစားသောအခါ၌လည်း စားခြင်းငှာထိုက်သောကြောင့် ဘောဇဉ်ဟူသော အမည်ကိုရသကဲ့သို့ တဏှာ အာရုံမပြုသောအခါ၌လည်း ပြုခြင်းငှာထိုက်သောကြောင့် ပိယရုပ်, သာတရုပ်ပင် မည်ပါသည်။ (ကောက်- ၇၁၃)

မေး အဘယ့်ကြောင့် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာ ဟောရပါသနည်း။

ဖြေ။ ပစ္စုပ္ပန်တရားကား ခံစားဆဲဖြစ်၍ သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာဟောရပါသည်။ (ကောက်- ၇၁၅)

အတီတဝါရ, အနာဂတဝါရတို့ကို ဟောရခြင်းအကြောင်း။

* အတိတ်တရားတို့ကား ခံစားဘူးသော တရားဖြစ်၍ အနာဂါတ်တရားထက် သိလွယ်သောကြောင့် အတီတဝါရကို ဟောပါသည်။
* သုဒ္ဓဝါရသက်သက်ကို ပြလိုသောကြောင့် အနာဂတဝါရကို ဟောပါသည်။ (ကောက်-၇၁၅)

မေး ပဝတ္တိဝါရ၌ ကာလအပြားကို အဘယ်ကြောင့်ခြောက်ပါးသာ ဟောရပါသနည်း။ အတီတ ပစ္စုပ္ပန္န, အနာဂတ ပစ္စုပ္ပန္န, အနာဂတ အတီတသုံးပါးကိုထည့်၍ ကိုးပါးဟောသင့်/မဟောသင့် ဖြေဆိုပါ။

ဖြေ။ အတီတပစ္စုပ္ပန္န, အနာဂတ ပစ္စုပ္ပန္န, အနာဂတ အတီတကို ဆိုအပ်ပြီးသော မိဿက ကာလ ပဋိလောမနှင့် တူနေသောကြောင့် ခြောက်ပါးသာဟောသင့်ပါသည်။ ကိုးပါး မဟောသင့်ပါ။ (ကောက်- ၇၁၅)

မေး ပဏ္ဏတ္တိဝါရ၌ ဝေဒနာက္ခန္ဓာမူ စသည်ဝယ် ရှေးရှေးသော ရူပက္ခန္ဓာစသည်ကို မူလီသွတ်၍ ဟောသကဲ့သို့ ပဝတ္တိဝါရ၌ ရှေးရှေးသောခန္ဓာကို မူလီသွတ်၍ မဟောပါသနည်း။

ဖြေ။ မရောသောကာလ အထူးရှိသောဝါရတို့၌ အနက်အထူးမရှိသောကြောင့် ရှေးရှေးသောခန္ဓာကို မူလီသွတ်၍မဟောပါ။

မေး ဥပ္ပါဒဝါရ, နိရောဓဝါရတို့၌ ပဝတ္တိအခါနာမ်ရုပ်တို့၏ ဖြစ်ခြင်းဥပါဒ်, ချုပ်ခြင်းဘင်ရှိပါလျှက် ဥပ္ပါဒနိရောဓ အဖြစ်ကို ဟောတော်မမူဘဲ ပဋိသန္ဓေအခါနာမ်ရုပ်တို့၏ ဖြစ်ခြင်းဥပါဒ်နှင့် စုတိအခါ နာမ်ရုပ်တို့၏ ချုပ်ခြင်းဘင်ကိုသာ ဟောတော်မူပါသနည်း။

ဖြေ။ ပဝတ္တိအခါ နာမ်ရုပ်တို့၏ဖြစ်ခြင်း ဥပါဒ်၊ ချုပ်ခြင်းဘင်ရှိသော်လည်း မျက်စိတစ်မှိတ်၌ ကုဋေတစ်သိန်းခန့် ဖြစ်, ပျက်ရကား အလွန်လျင်မြန်သဖြင့် ဝေဘန်၍ ပြခြင်းငှာမလွယ်သောကြောင့် ဥပ္ပါဒနိရောဓအဖြစ်ကို ဟောတော်မမူပါ။ ပဋိသန္ဓေအခါ အသစ်ဖြစ်သော နာမ်ရုပ်တို့၏ဖြစ်ခြင်းဥပါဒ်,

http://www.dhammadownload.com



စုတိအခါဖြစ်သော နာမ်ရုပ်တို့၏ ပျက်ခြင်းဘင်ကိုသာ ပြခြင်းငှာ လွယ်ကူသောကြောင့် ၎င်းတို့ကိုသာ ဥပ္ပါဒနိရောဓအဖြစ်ဖြင့် ဟောတော်မူပါသည်။

မေး ဥပ္ပန္နတိ၌ "ဥပ္ပါဒတော ယာဝ နိရောဓ ဂမနာ" စသည်ဖြင့် ပဌာန်းအဋ္ဌကထာ ဖွင့်သောကြောင့် ခဏတ္တယ သမင်္ဂီကို ကောက်သင့်လျှက် အဘယ်ကြောင့် ဥပ္ပါဒက္ခဏကိုသာ ကောက်ရပါသနည်း။

ဖြေ။ ပဌာန်းအဋ္ဌကထာ အလိုအားဖြင့် ခဏတ္တယသမင်္ဂီကို ကောက်သင့်သကဲ့သို့ ဖြစ်သော်လည်း မကောက်ရပါ။ ဥပါဒက္ခဏကိုသာ ကောက်ရပါသည်။ ၎င်းကိုသာ ရည်ရွယ်၍ ဖွင့်ပါသည်။ (၇၁၈)

မေး ဥပါဒ်ခဏသာ ယူရမည်ဖြစ်လျှင် "ဥပ္ပါဒက္ခဏံ ပါပုဏာတိ" မဆိုဘဲ "တယော ပိ ခဏာ" ဟု ဆိုခြင်းထက် အဘယ်သို့ သင့်ပါသနည်း။

ဖြေ။ အတိတ်လည်းမဟုတ်, အနာဂတ်လည်း မဟုတ်သော ခဏတစ်တ်ကို ခဏတ္တယဆိုသဖြင့် အသင့်ပင်ဖြစ်ပါသည်။ (ကောက်- ၇၁၈)

မေး ဇီဝိတ ဆက္ကဟူသည် အဘယ်တရားနည်း။

ဖြေ။ မူလဋီကာအလို ဇီဝိတနဝက ကလာပ်တွင် ဂန္ဓ, ရသ, ဩဇာကိုကြဉ်၍ ဇီဝိတဆက္ကတို့ ဖြစ်ပါသည်။ (ကောက်- ၇၁၉)

မေး ကမ္မဇကလာပ် လေးစည်းဟူရာ၌ အဘယ်ကလာပ်များ ဖြစ်သနည်း။

ဖြေ။ မူလဋီကာ အလိုအားဖြင့် စက္ခု သတ္တက, သောတ သတ္တက, ဝတ္ထု သတ္တက, ဇီဝိတ ဆက္ကလေးပါးကို အဋ္ဌကထာအလိုအားဖြင့် စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝက လေးပါးကို ဆိုပါသည်။ (ကောက်- ၇၁၉)

မေး အတိတ်စသော (၁၁)ပါးသောရုပ်တို့ကို ပေါင်း၍ ရူပက္ခန္ဓာဟုဆိုခဲ့သော် ဇီဝက နဝကသည် ပစ္စုပ္ပန်သာဖြစ်ခဲ့၏။ အတိတ်စသည်မဖြစ်ခဲ့။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ရူပက္ခန္ဓာမည်သနည်း။

ဖြေ။ သမုဒ္ဒ သဒ္ဒါသည် တစိတ်တဒေသသော သမုဒ္ဒရာ၌ ဖြစ်သကဲ့သို့ ခန္ဓသဒ္ဒါသည် တခုခုသော ခန္ဓာ၌ ရုဋ္ဌီအားဖြင့် ဖြစ်သောကြောင့် ရူပက္ခန္ဓာမည်ပါသည်။ (ကောက်- ၇၁၉)

မေး ပုရိမကောဋ္ဌာသနှင့် အရတူသောဟု ကောက်ရာဝယ် အဘယ်၏ ပုရိမကောဋ္ဌာသဖြစ်သနည်း။

ဖြေ။ သရူပဒဿန ဝိဿဇ္ဇနာ၏ ပုရိမကောဋ္ဌာသ ဖြစ်ပါသည်။
(တနည်း) ပရိပုဏ္ဏ ပဉှာ၏ ပုရိမကောဋ္ဌာသ ဖြစ်ပါသည်။ (ကောက်- ၇၁၉)

မေး ပုရိမကောဋ္ဌာသဟူသည် သန္နိဋ္ဌာန်ပုဒ်၏ အရကိုဆိုသလော (သို့) သန္နိဋ္ဌာန်ပုဒ်ကိုပင် ဆိုပါသလော။

ဖြေ။ ဝိဿဇ္ဇနာပုဒ်ကို မဆိုလို၊ သန္နိဋ္ဌာန် ဥဒ္ဒေသပုဒ်ကို ဆိုပါသည်။ (ကောက်- ၇၂၀)
တုစ္ဆ ပဉှာဟူသည်--
"တုစ္ဆ ပဥှော တိ ဝုစ္စတိ" ဟု အဋ္ဌကထာ လာရကား မောဃပဉှာကိုပင် ဆိုပါသည်။

* ပဋိက္ခေပ ဝိဿဇ္ဇနာနှင့် ပဋိသေဓဝိဿဇ္ဇနာ အထူး *

သန္နိဋ္ဌာန်ပုဒ်၏အနက်ကို ပယ်သည်ကား ပဋိက္ခေပဝိဿဇ္ဇနာ။ (နတ္ထိ ဝိဘင်းမျိုး)

http://www.dhammadownload.com



သံသယပုဒ်၏အနက်ကို ပယ်သည်ကား ပဋိသေဓဝိဿဇ္ဇနာ။ (နော ဝိဘင်းမျိုး) ဤသို့ထူးပါသည်။ (ကောက်- ၇၂၀)

မေး ပါဠိဂတိဝိဿဇ္ဇနာ, ပဋိသေဓဝိဿဇ္ဇနာတို့ကား သန္နိဋ္ဌာန်အရသာရှိ၍ သံသယအရ မရှိကုန်ရကား အတူတူပင်ဖြစ်ပါသလော။

ဖြေ။ မတူပါ။ ခန္ဓာတို့၏ ဖြစ်ခြင်း, ချုပ်ခြင်းကို မြစ်ခြင်းကိုတားမြစ်၍ ဖြေသည်ကား (ဝါ) ပဋိသေဓ "န"အက္ခရာကို ပယ်၍ဖြေသည်ကား ပါဠိဂတိ ဝိဿဇ္ဇနာ ခန္ဓာတို့၏ဖြစ်ခြင်း, ချုပ်ခြင်းကိုမြစ်၍ဖြေသည်ကား (ဝါ) ပဋိသေဓ"နော"ဟုဖြေသည်ကား ပဋိသေဓဝိဿဇ္ဇနာတို့မြစ်၍ထူးခြားပါသည်။ ပရိညာဟူက--
အထွတ်အမြတ်ကိုသာ ဟောသောကြောင့် "ပရိဇာနာတိ" အရကို အရဟတ္တမဂ္ဂဋ္ဌာန်ကို ကောက်သည်။ သောတာပတ္တိမဂ္ဂဋ္ဌာန်, သကဒါမိမဂ္ဂဋ္ဌာန်, အနာဂါမိ မဂ္ဂဋ္ဌာန်တို့သည် ပိုင်းခြား၍သိသော်လည်း အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ရည်ရွယ်၍ ဟောပါသည်။ (ကောက်- ၁၀၂)

မေး ပဝတ္တိဝါရ၌ ပုဂ္ဂလ, ဩကာသ, ပုဂ္ဂလောကာသ-ဟု ဝါရသုံးပါးကို ဟောတော်မူပါလျှက် ပရိညာဝါရ၌ အဘယ်ကြောင့် ပုဂ္ဂလဝါရကိုသာ ဟောတော်မူပါသနည်း။

ဖြေ။ အဖြေတူသောကြောင့် သုံးဝါရကို မဟောဘဲ ပုဂ္ဂလဝါရကိုသာ ဟောတော်မူပါသည်။ (တနည်း) ပရိညာကိစ္စဟူသည် ပုဂ္ဂိုလ်အားသာလျှင်ဖြစ်၏။ ဩကာသ၌မဖြစ်။ ထို့ကြောင့် ပုဂ္ဂလဝါရကိုသာ ဟောတော်မူပါသည်။ (ကောက်- ၇၂၂)

မေး ပရိညာဝါရ၌ ပဝတ္တိဝါရကဲ့သို့ စုတိ, ပဋိသန္ဓေကို မဟောဘဲ အဘယ်ကြောင့် ပဝတ္တိကိုသာ ဟောပါသနည်း။

ဖြေ။ စုတိ ပဋိသန္ဓေအခါ၌ ပရိညာကိစ္စမရှိသောကြောင့် (ဝါ) မဖြစ်သောကြောင့် ပဝတ္တိကိုသာ ဟောရပါသည်။ (ကောက်- ၇၂၂)

မေး "ယော ရူပက္ခန္ဓံ ပရိဇာနာတိ"၌ အောက်မဂ္ဂဋ္ဌာန်တို့လည်း ရူပက္ခန္ဓာကို သိဆဲဖြစ်လျက် ၎င်းတို့ကို မကောက်ဘဲ အဘယ်ကြောင့် အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ကောက်သနည်း။

ဖြေ။ အောက်မဂ္ဂဋ္ဌာန်တို့လည်း ရူပက္ခန္ဓာကို သိဆဲဖြစ်သည်ကား မှန်၏။ သို့သော် ၎င်းတို့ကား ပရိညာကိစ္စအပြီးသို့မရောက်ကုန်။ ဤ၌ပရိညာကိစ္စအပြီးသို့ရောက်သော အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ရည်ရွယ်၍ သာတိသယနည်းအားဖြင့် ကောက်ရသည်။ (ကောက်- ၇၂၃)

မေး "ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ" ၌ မဂ် မရလတ္တံ့ဟူသည် လုံးဝမဂ်မရသည်ကို ဆိုပါသလော (သို့မဟုတ်) တစ်ဘဝ၊ နှစ်ဘဝ စသည်၌ မရလတ္တံ့သည်ကို မရလတ္တံ့ဟု ဆိုပါသလော ရှင်းပြပါ။

ဖြေ။ တစ်ဘဝ, နှစ်ဘဝစသည်၌ မဂ်ကိုမရလတ္တံ့သည်ကို မဆိုလို။ များသောအားဖြင့် မဂ်ကို လုံးဝမရသော သံသရာ သစ်ငုတ် မြေစောင့်သတ္တဝါများကိုသာ ဆိုပါသည်။ (ကောက်- ၇၂၃)

**ခန္ဓယမိုက်ပြီး၏။**

http://www.dhammadownload.com



# အာယတနယမိုက်

မေး စက္ခာယတနသည် ဓမ္မပင်မည်သည်ဖြစ်လျှက် ဓမ္မာယတန ဟစ်ခုတည်းကိုသာ ဟောသင့်ပါလျှက် အဘယ်ကြောင့် အာယတန တဆယ့်နှစ်ပါး ဟောတော်မူသနည်း။

ဖြေ။ ခြောက်ပါးသော ဝိညာဏ် အပေါင်းတို့ဖြစ်ရာ ဒွါရ, အာရုံတို့ဟု ပိုင်းခြားမှတ်သားစေခြင်းငှာ အာယတန တစ်ဆယ့်နှစ်ပါးကို ဟောတော်မူပါသည်။ (ကောက်- ၇၂၅)

မေး ဒွါရ, အာရုံတို့ကို တပေါင်းတည်း ဟောတော်မမူဘဲ အဘယ့်ကြောင့် အသီးပိုင်းခြား၍ ဟောတော်မူသနည်း။

ဖြေ။ အာယတနကို ဟောတော်မူခြင်းမှာ ဒွါရအာရုံတို့ကို ဝေဘန်၍ ပြခြင်းငှာ ဟောတော်မူရကား ဒွါရအာရုံတို့ကို အသီးပိုင်းခြား၍ ဟောတော်မူပါသည်။ (ကောက်- ၇၂၆)

မေး အဘယ့်ကြောင့် အာယတန မည်ပါသနည်း။

ဖြေ။ စိတ် စေတသိက်တို့ လုံ့လပြုရာ (ဝါ) မိမိတို့၏ ကိစ္စပြုရာဖြစ်သောကြောင့် အာယတန မည်ပါသည်။
(တနည်း) ဒွါရအာရုံ၌ဖြစ်ကုန်သော စိတ်, စေတသိက်တို့ကို ချဲ့တတ်သောကြောင့် အာယတနမည်ပါသည်။
(တနည်း) ရှည်စွာသောသံသရာဝဋ်ဆင်းရဲကို ဆောင်တတ်, ဖြစ်စေတတ်သောကြောင့် အာယတန မည်ပါသည်။ (ကောက်- ၇၂၆)
(တနည်း) စိတ်, စေတသိက်တို့၏ နေရာဖြစ်သောကြောင့်၎င်း၊ တည်ရာဖြစ်သောကြောင့်၎င်း၊ စုဝေးရာဖြစ်သောကြောင့်၎င်း ၊ အကြောင်းဖြစ်သောကြောင့်၎င်း အာယတနမည်ပါသည်။ (ကောက်- ၇၂၇)

မေး စက္ခုစသောခြောက်ပါးကို အဘယ်ကြောင့် ရှေးဦးစွာဟောတော်မူရပါသနည်း။

ဖြေ။ အဇ္ဈတ္တိက၏အဖြစ်ဖြင့်၎င်း၊ ဝိသယီ၏အဖြစ်ဖြင့်၎င်း၊ အဇ္ဈတ္တိကာယတနတို့ကိုသာလျှင် ရှေးဦးစွာ ပြသင့်သောကြောင့် ဟောတော်မူပါသည်။ (ကောက်- ၇၂၈)

မေး အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် အဘယ်ကြောင့် စက္ခာယတနကို ရှေးဦးစွာဟောတော်မူပါသနည်း။

ဖြေ။ သနိဒဿန သပ္ပဋိဃရုပ်ကို အာရုံပြုသဖြင့် ထင်ရှားသောကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟောတော်မူပါသည်။ (ကောက်- ၇၂၈)

မေး ဒိဗ္ဗစက္ခု, ပညာစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဓမ္မစက္ခုဟု စက္ခုငါးပါးရှိရာ ဒိဗ္ဗစက္ခု, ပညာစက္ခု နှစ်ပါးကိုသာ အဘယ်ကြောင့် သရုပ်ထုတ်၍ ဟောတော်မူပါသနည်း။

ဖြေ။ ဒိဗ္ဗစက္ခု, ပညာစက္ခု နှစ်ပါးသာ နီးစပ်၍ ဟောတော်မူပါသည်။ ကျန်သုံးပါးတို့ကား အလွန်ဝေးသောကြောင့် မဟောတော်မူပါ။ (ကောက်- ၇၂၉)

မေး သမ္မာဝါစာ စသော ဝိရတီသုံးခုတို့ကို အဘယ်ကြောင့် သီလက္ခန္ဓဟု ဆိုပါသနည်း။

http://www.dhammadownload.com



ဖြေ။ သမ္မာဝါစာ စသောဝိရတိသုံးခုတို့ကား ဝိရတိသီလအဖြစ်ဖြင့် ဘော်တူရကား သီလက္ခန္ဓဖြင့် သင်္ဂြိုဟ် အပ်သောကြောင့် သီလက္ခန္ဓဟုဆိုပါသည်။ (ကောက်- ၇၂၉)

မေး သမ္မာ သမာဓိမှာ သမာဓိဖြစ်၍ သမာဓိက္ခန္ဓဟုဆိုနိုင်ရာ၏။ သမ္မာဝါယမ သမ္မာသတိတို့ကား သမာဓိက္ခန္ဓဟုဆိုခြင်း အသို့သင့်နိုင်ပါအံ့နည်း။

ဖြေ။ သင့်ပါသည်။ သမာဓိသည် မိမိသဘောအားဖြင့် အာရုံသို့မတက်ရောက်နိုင်။ ဝီရိယဖြင့် အားထုတ်ခြင်း၊ သတိဖြင့် မမေ့လျော့ခြင်း အကူအညီရမှသာ တက်ရောက်နိုင်သောကြောင့် သမာဓိကို သဘောအားဖြင့် သမာဓိက္ခန္ဓ ဝီရိယ သတိတို့ကို သမာဓိအားလျော်က်ပတ်သောကြိယာအားဖြင့် (ဝါ) သမာဓိ၏ အကူအညီဖြင့် သမာဓိက္ခန္ဓဟု ဆိုပါ၏။ (ကောက်- ၇၃၀)

မေး ပညာက္ခန္ဓ၌ သမ္မာဒိဋ္ဌိကို ပညာပင်ဖြစ်၍ ပညာက္ခန္ဓဟုဆိုနိုင်ရာ၏။ သမ္မာသင်္ကပ္ပကို ပညာက္ခန္ဓဟု ဆိုခြင်းကား သင့်/မသင့်ဖြေဆိုပါ။

ဖြေ။ သင့်ပါသည်။ ပညာသည် သဘောအားဖြင့် အနိစ္စအစရှိသော အာရုံကို ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်။ ဝိတက်သည် ပြန်လှန်၍ပေးမှသာလျှင် တတ်နိုင်သောကြောင့် သမ္မာဒိဋ္ဌိကို သဘောအားဖြင့် ပညာက္ခန္ဓ၊ သမ္မာသင်္ကပ္ပကို ပညာနှင့်တူသောကြောင့် ကိစ္စအားဖြင့် ပညာက္ခန္ဓဟု ဆိုပါသည်။ (ကောက်- ၇၃၁)

မေး အနံ့မဟုတ်ဘဲလျှက် သီလစသည်ကို အဘယ့်ကြောင့် ဂန္ဓဟုဆိုပါသည်။

ဖြေ။ အနံ့မဟုတ်သော်လည်း ပြန့်နှံ့ထင်ရှားသောအနက်ကြောင့် "ဂန္ဓ"ဟုဆိုပါသည်။ (ကောက်-၇၃၁)

မေး အရသာမဟုတ်ဘဲလျှက် အတ္တစသည်ကို အဘယ့်ကြောင့် ရသဟု ဆိုပါသနည်း။

ဖြေ။ အရသာမဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောကြောင့် အတ္တစသည်ကို ရသဟု ဆိုပါသည်။ (ကောက်- ၇၃၂)

မေး စက္ခာယတနမူ၌ သဒ္ဒါယတန မူလီသွတ်၍ ဟောသင့်/မဟောသင့် ဟောသင့်က "စက္ခာယတန မူလကာနိ ဧကေဒသ"ဟူသော အဋ္ဌကထာစကားကို အဘယ်သို့ ယူရမည်နည်း။

ဖြေ။ မဟောသင့်ပါ။ သို့သော်လည်း စုတိ ပဋိသန္ဓေ၏အစွမ်းအား ဉပါဒိန္နဖြစ်သော ဝဋ်တရား၏ဖြစ်ခြင်း, ချုပ်ခြင်းကို ဟောရာဖြစ်သော ပဝတ္တိဝါရ၌ သဒ္ဒါယတနအဟွက် ဝိဿဇ္ဇနာမရသော်လည်း ပုစ္ဆာ မှ ရသည်ကို သင်္ဂြိုဟ်၍ဟောတော်မူသည်ဟု ယူရပါသည်။ (ကောက်- ၇၃၃)

(မှတ်ချက်) ပဋိသန္ဓေအခါ မရကောင်းသောကြောင့် သဒ္ဒါယတန၏ ဝိဿဇ္ဇနာကို မဟောပါ။ (ကောက်- ၇၃၃)

မေး စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်ကောင်းသော ဩပပါတိက၌ အဟိတ်သာကောက်၍ အဘယ့်ကြောင့် သုဂတိအဟိတ်ကို မကောက်သနည်း။

ဖြေ။ သုဂတိဘုံ၌ ကြီးသောအာနုဘော်ရှိသောကံကြောင့် ဖြစ်ကုန်သော ဩပပါတိကတို့အား စက္ခု, သောတ ဣန္ဒြေ ချို့တဲ့ခြင်းမရှိသောကြောင့် သုဂတိအဟိတ်ကို မကောက်ပါ။ (ကောက်-၇၃၃)

http://www.dhammadownload.com



မေး "ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ" စသည်၌ ဂဗ္ဘသေယျကို ကောက်ရာ ၎င်းပုဂ္ဂိုလ်များမှာ ပဋိသန္ဓေ အခါ၌ စက္ခာယတန မရှိသည်မဟုတ်ပါသလော၊ အသို့သင့်နိုင်ပါအံ့နည်း။

ဖြေ။ ပဋိသန္ဓေ အခါမရှိသည်ကား မှန်၏။ သို့သော် ပစ္စုပ္ပန်သုံးပါးတို့တွင် ခဏ ပစ္စုပ္ပန်, သန္တတိ ပစ္စုပ္ပန်တို့ကို မယူဘဲ အဒ္ဓါပစ္စုပ္ပန်ကို ယူရသောကြောင့် သင့်ပါသည်။ (ကောက်- ၇၃၄)

မေး စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်မီ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့သည် သဟိတ် ပဋိသန္ဓေမနေဘဲ အဟိတ်ပဋိသန္ဓေနေကြောင်းကို အဘယ်ကိုကောက်၍ သိရပါသနည်း။

ဖြေ။ ဣန္ဒြိယ ယမိုက် မူလဋီကာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာတို့ကို ထောက်၍ သိပါသည်။ (ကောက်- ၇၃၅)

မေး အာယတနယမိုက် ပစ္စုပ္ပန္နာဂတဝါရ၌ "သဗ္ဗေသံ စဝန္တာနံ"ဟု ဟောရာ၌ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ကြဉ်လျှက် သဗ္ဗသဒ္ဒါဖြင့် ဟောသင့်/မဟောသင့် ဖြေရှင်းပါ။

ဖြေ။ ဟောသင့်ပါသည်။ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်ကြဉ်သော်လည်း သဗ္ဗသဒ္ဒါသည် သပ္ပဒေသ သဗ္ဗ၊ နိပ္ပဒေသ သဗ္ဗဟူ၍ နှစ်မျိုးရှိရာတွင် နိပ္ပဒေသ သဗ္ဗမဟုတ်။ သပ္ပဒေသ သဗ္ဗဖြစ်၍ (ဝါ) ဖြစ်သော ကြောင့် သဗ္ဗသဒ္ဒါဖြင့် ဟောသင့်ပါသည်။ (ကောက်- ၁၅၅)

မေး ဃာနာယတန မူလီ အနုလောမ သန္နိဋ္ဌာန်၌ ဩပပါတိကပုဂ္ဂိုလ်ကို အဘယ်ကြောင့် မကောက် သနည်း။

ဖြေ။ ကာမဘုံ၌ ဃာနချို့သော ဩပပါတိက ပုဂ္ဂိုလ်မရှိကောင်းသောကြောင့် မကောက်ပါသည်။ (ကောက်- ၇၃၆)

မေး သင်္ဂြိုဟ်ဆရာသည် သံသေဒဇဩပပါတိကတို့အား ဩမကအားဖြင့် စက္ခု, သောတ, ဃာန, ဘာဝ တို့ကို မရအပ်ဟု သာမညအားဖြင့်ဆိုပါလျှက် "ဃာန မရခြင်းသည် သံသေဒဇအားသာဟု" အဘယ်ကြောင့် ခွဲခြမ်း၍ ယူသနည်း။

ဖြေ။ တပေါင်းတည်း ညွှန်ပြအပ်သောအရာပင်ဖြစ်သော်လည်း တစိတ်တဒေသအားဖြင့် စပ်သင့်သော ကြောင့် သံသေဒဇအား ခွဲခြမ်း၍ ယူပါသည်။ (ကောက်- ၇၃၇)

မေး သစက္ခုက အဃာနက ကောက်ရာ၌ ရူပပုဂ္ဂိုလ်ကို ကောက်ခြင်းသည် နှာခေါင်းမရှိ၍ပင် ကောက် သလော။

ဖြေ။ အသွင်သဏ္ဌာန်ဖြစ်သော နှာခေါင်းကားရှိ၏။ ဃာနပသာဒ, ဃာနဝိညာဏ် အနံ့ကို မသိ။ သို့ အတွက် ကောက်ပါသည်။ (ကောက်- ၇၃၇)

မေး နှာခေါင်းရှိလျှက် အဘယ့်ကြောင့် ဃာနပသာဒမဖြစ်သနည်း။

ဖြေ။ ဗြဟ္မာတို့မှာ နှာခေါင်းရှိလျှက်သော်လည်း ကာမရာဂ၌တပ်ခြင်းကင်းသော ဘာဝနာဖြင့် ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့၌ တပ်ခြင်းမရှိရကား ၎င်းတို့မှီရာ ပသာဒတို့၌လည်း တပ်ခြင်းမရှိသောကြောင့် ဃာန ပသာဒ မဖြစ်ပါ။ (ကောက်- ၇၃၈)

http://www.dhammadownload.com



မေး ဂန္ဓာယတနမူလ၌ "အဂန္ဓကာနံ" စသည်ဖြင့် ဝိဘင်းထွက်ခဲ့လျှင် ရူပပုဂ္ဂိုလ်တို့အား ဂန္ဓမရှိသလော။

ဖြေ။ ရူပပုဂ္ဂိုလ်တို့အား ဂန္ဓရှိ၏။ သို့သော် ဃာနယနမရှိ၍ အာယတနကိစ္စမပြီးသောကြောင့် ဂန္ဓရှိသည်ဟု မဆိုနိုင်ပါ။ (ကောက်- ၇၃၈)

မေး ရူပဘုံ၌ရှိသော ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့ကို ဂန္ဓာယတန, ရသာယန, ဖောဋ္ဌဗ္ဗာယတန မဖွဲ့ဘဲ အဘယ်ကြောင့် ဓမ္မာယတန ဖွဲ့သနည်း။

ဖြေ။ ဓမ္မသဘာဝကို မလွန်သောကြောင့်၎င်း၊ မနောဝိညာဏဓာတ်၏အာရုံအဖြစ်သို့ ရောက်သောကြောင့်၎င်း၊ ဓမ္မာယတန၌ အကျုံးဝင်သည်ကိုပြ၍ ဓမ္မာယတန ဖွဲ့ရပါသည်။ (ကောက်- ၇၃၉)

## အာယတနယမိုက်ပြီး၏။

* * * * *

# ဓာတုယမိုက်

မေး အဘယ့်ကြောင့် ဓာတ်မည်ပါသနည်း။

ဖြေ။ သံသရာဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့်၎င်း၊ သံသရာဝဋ်ဆင်းရဲကို ပြီးစေကာမျှ ဖြစ်သောကြောင့်၎င်း၊ သတ္တဝါတို့ကို ဆောင်အပ်သောကြောင့်၎င်း၊ သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲကို ပြီးစေအပ်သောကြောင့်၎င်း၊ သံသရာဝဋ်ဆင်းရဲကို ထားရာဖြစ်သောကြောင့်၎င်း၊ ကိုယ်အစိတ်ဖြစ်သော ဓာတ်တို့ကဲ့သို့ (ဝါ) ကျောက်အစိတ်ဓာတ်တို့ကဲ့သို့ ဖြစ်သောကြောင့်၎င်း၊ ဓာတ်မည်ပါသည်။ (ကောက်- ၇၄၀)

မေး သုတ္တန်အဘိဓမ္မာဝယ် ဟောအပ်သော အာရဗ္ဘဓာတ်, သုတဓာတ် စသောများစွာသောဓာတ်တို့ ရှိပါလျှက် အဘယ်ကြောင့် တစ်ဆယ့်ရှစ်ပါးသာ ဟောတော်မူပါသနည်း။

ဖြေ။ ပြဆိုအပ်သော ဓာတ်တစ်ဆယ့်ရှစ်ပါးတွင် အကျုံးဝင်သောကြောင့် သီးခြားမဟောဘဲ တစ်ဆယ့်ရှစ်ပါးသာဟောပါသည်။ (ကောက်- ၇၄၁)

မေး စက္ခု ဝိညာဏဓာတ် စသည်၌ အာရုံ၏အမည်ကိုယူ၍ ရူပဝိညာဏစသည်မခေါ်ဘဲ ဝတ္ထုအမည်ကို ယူ၍ စက္ခုဝိညာဏဓာတ် စသည်ခေါ်သနည်း။

ဖြေ။ ရူပါရုံ စသည်ကား အခြားဝိညာဏ်များနှင့်ဆက်ဆံသောကြောင့် အာရုံဖြင့် ရူပဝိညာဏဓာတ် စသည်မခေါ်ပါ။ စက္ခု ဝတ္ထုစသည်မှာ အခြား ဝိညာဏ်တို့နှင့်မဆက်ဆံ။ ထိုမဆက်ဆံသောဝတ္ထုဖြင့်သာလျှင် စက္ခုဝိညာဏဓာတ် စသည်ခေါ်နိုင်ပါသည်။ (ကောက်- ၇၄၁)

* မနောဓာတ်မည်ပုံ *

အလွန်အကဲနှင့်တကွ သိခြင်းကိစ္စအထူးမထင်ဘဲလျှက် သိကာမျှဖြစ်သောကြောင့် မနောဓာတ်မည်ပါသည်။ (ကောက်- ၇၄၂)

http://www.dhammadownload.com



မေး ပဝတ္တိဝါရ၌ သဒ္ဒဓာတ်, စက္ခုဝိညာဏဓာတ် စသောခြောက်ပါးသောဓာတ်တို့ကို အဘယ်ကြောင့် ဟောတော်မမူသနည်း။

ဖြေ။ သဒ္ဒဓာတ်, စက္ခုဝိညာဏဓာတ် စသောခြောက်ပါးတို့မှာ ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ မရကောင်းသောကြောင့် မဟောပါ။ (ကောက်- ၇၄၅)

## ဓာတုယမိုက်ပြီး၏။

* * * * *

## သစ္စယမိုက်

### သစ္စာမည်ပုံ

မဖောက်မပြန်မှန်သောကြောင့် သစ္စာမည်ပါသည်။ (ကောက်- ၇၄၅)

မေး အဘယ်ကြောင့် သစ္စာကို အယုတ်အလွန်မရှိလေးပါးသာ ဟောတော်မူရပါသနည်း။

ဖြေ။ လေးပါးမှ တပါးသော သစ္စာမရှိသောကြောင့်ရင်း၊ လေးပါးတို့တွင် နုတ်ပယ်အပ်သောတရား မရှိသောကြောင့်ရင်း၊ အယုတ်အလွန်မရှိ လေးပါးသာ ဟောရပါသည်။

(တနည်း) သံသရာဝဋ်ဆင်းရဲ၏ဖြစ်ခြင်းပဝတ္တိ၊ ၎င်း၏ဖြစ်ကြောင်း ပဝတ္တက၊ ၎င်း၏ဆုတ်နစ်ကြောင်း နိဝတ္တိကတို့ကို အကျိုးအကြောင်းအားဖြင့် ဆက်စပ်၍ ပြလိုသောကြောင့်သစ္စာလေးပါးကို ဟောတော်မူပါသည်။ (ကောက်- ၇၄၇)

မေး ဒုက္ခ၏ အကြောင်းများစွာရှိလျှက် အဘယ်ကြောင့် သမုဒယသာအကြောင်းဟု ဟောပါသနည်း။

ဖြေ။ ပြဋ္ဌာန်းသော ထူးသောအကြောင်းဖြစ်သောကြောင့် သမုဒယကိုသာအကြောင်းဟု ဟောပါသည်။

မေး ပဝတ္တိဝါရ၌ နိရောဓသစ္စာကို အဘယ်ကြောင့် မဟောသနည်း။

ဖြေ။ နိရောဓသစ္စာကား ဖြစ်ခြင်း, ချုပ်ခြင်းမရှိသောကြောင့် မဟောခြင်းဖြစ်ပါသည်။ (ကောက်-၇၅၃)

### ပရိညာဝါရ

မေး ပရိညာဝါရ၌ မဂ္ဂသစ္စာ, နိရောဓသစ္စာတို့ကို အဘယ်ကြောင့်မဟောသနည်း။

ဖြေ။ လောကုတ္တရာတရားတို့ကား ပရိညာကိစ္စမရှိသောကြောင့် မဟောပါ။(ကောက်- ၇၅၃)

မေး "ဒုက္ခသစ္စာ ပရိဇာနာတိ"ဝယ် အဘယ်ပရိညာကို ရသနည်း။

ဖြေ။ ဉာတပရိညာ, တီရဏပရိညာ နှစ်ပါးကို ရပါသည်။

မေး "သမုဒယ သစ္စံ ပဇဟာတိ"၌ အဘယ်ပရိညာကို ရပါသနည်း။

ဖြေ။ ဉာတပရိညာ, ပဟာန ပရိညာ နှစ်ပါးကို ရပါသည်။

မေး အဘယ်ကြောင့် ဒုက္ခသစ္စာ၌ ပဟာန ပရိညာကို၊ သမုဒယသစ္စာ၌ တီရဏ ပရိညာကို မရသနည်း။

ဖြေ။ မြတ်သောအကျင့်ကို ကျင့်သောသူသည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းငှာ သမုဒယသစ္စာကို

http://www.dhammadownload.com



ပယ်ခြင်းငှာ ကျင့်၏။ ဒုက္ခသစ္စာ၌ ပဟာနကိစ္စမရှိ။ သမုဒယသစ္စာ၌ တီရဏကိစ္စမရှိ။ ကို့ကြောင့် မရပါ။ (ကောက်- ၇၆၁)

## သစ္စယမိုက်ပြီး၏။

———— ✳ ✳ ————

## နောက်ဆက်တွဲ ဖြည့်စွက်အဓိပ္ပါယ်

✳ ယမိုက်ကျမ်းကို ဟောရကျိုး -

ဓမ္မ, ပုဂ္ဂလ, ဩကာသ စသည်လျှင် မှီရာရှိကုန်သော သန္နိဋ္ဌာန် သံသယတို့၏အစွမ်းအားဖြင့် အထူးထူးသောနည်းတို့၌ ကျွမ်းကျင်ပိမ္မာစေခြင်းအကျိုးငှာ ယမိုက်ကျမ်းကို ဟောတော်မူသည်။

✳ မူလယမိုက်ခေါ်ပုံ -

လောဘ, ဒေါသ စသော မူလတို့၏ အစွမ်းအားဖြင့် ပုစ္ဆာဝိသဇ္ဇနာထုတ်၍ စိစစ်ဟောကြားအပ်သော ယမိုက်ကို မူလယမိုက်ဟုခေါ်သည်။ (ယမကတ္ထ-၁၂)

✳ တိကမာတိကာ ဥဒ္ဒေသကို ရှေးဦးစွာ ဟောခြင်းအကြောင်း -

ဒုက မာတိကာထက် မှတ်ယူလွယ်သောကြောင့်ငှင်း, ဒုက်အောက်နည်းသော အပြားရှိသောကြောင့်ငှင်း၊ တိကမာတိကာ ဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူအပ်ပါသည်။ (ယမကတ္ထ-၁၄)

✳ ကုသလတိက်ကို ရှေးဦးစွာဟောခြင်းအကြောင်း -

အကြွင်းမရှိ အလုံးစုံသော ရုပ်, နာမ် ဓမ္မတို့ကို သိမ်းကြုံးမိသောကြောင့်ငှင်း၊ အနဝဇ္ဇ သာဝဇ္ဇ ဓမ္မ တို့၏ အချင်းချင်းရောယှက်မှုမရှိသောကြောင့်ငှင်း ကုသိုလ်တည်းဟူသော အာဒိကလျာဏနှင့် ပြည့်စုံသောကြောင့်ငှင်း ဤသုံးပါးသောအကြောင်းတို့ကြောင့် "ကုသလတိက်"ကို ရှေးဦးစွာ ဟောတော်မူပါသည်။ (ယမကတ္ထ-၁၆)

✳ ကုသလပဒကို ရှေးဦးစွာဟောရကြောင်း -

အနဝဇ္ဇ သုခ ဝိပါက လက္ခဏာရှိသည်ဖြစ်၍ အလုံးစုံသောသခ်တရားတို့ထက် မြတ်သောကြောင့်ငှင်း၊ အကုသိုလ်တရားတို့ကို ပယ်ဖျောက်တတ်သည်ဖြစ်၍ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့်ငှင်း၊ မျက်မှောက်၌ဖြစ်သောအကျိုး, တမလွန်၌ဖြစ်သောအကျိုး ၂-ပါးစုံတို့ကို ဆောင်ရွက်တတ်သောကြောင့်ငှင်း "ကုသလပဒ"ကို ရှေးဦးစွာဟောတော်မူပါသည်။ (ယမကတ္ထ-၁၆)

အကုသလ[illegible]ကြောင်း -

ထိုကုသိုလ်နှ[illegible]ဖြင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကုသလပဒ၏ အခြားမဲ့၌ "[illegible]သည်။ (ယမကတ္ထ-၁၇)

အဗျာကတပဒ[illegible]

ထိုကုသိုလ်, အကုသိုလ်တို့မှ [illegible]သဘောရှိသည်၏ အဖြစ်ကြောင့် အကုသလပဒ၏ အခြားမဲ့၌ အဗျာကတပဒကို ဟောတော်မူပါသည်။ (ယမကတ္ထ-၁၈)

http://www.dhammadownload.com



* နာမပဒကို ဟောတော်မူခြင်းအကြောင်း -
ကုသလ စသော (၃) ပဒတို့ဖြင့် ဟောကြားအပ်သော အလုံးစုံသောကုသိုလ် စသောတရားတို့ကို သိမ်းကျုံး၍ ဟောကြားတော်မူလိုသောကြောင့် (ဝါ) ဟောကြားတော်မူခြင်းအကျိုးငှာ နာမပဒကို ထည့်၍ (၄) ပဒကို ဟောတော်မူပါသည်။ (ယမကဋ္ဌ ဝိဘာဝနီ - နှာ - ၁၈)

* သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူခြင်းအကြောင်း -
ဓမ္မပဋိဂ္ဂါဟက (တရားနာသူ) ပုဂ္ဂိုလ်ကို့အား သန္နိဋ္ဌာန်, သံသယနှစ်ပါးတို့တွင် သံသယကို ရှေးဦးစွာ ဟောသင့်သော်လည်း ယမိုက်ကျမ်းကို ဟောကြားတော်မူသော ဘုရားရှင်အား သန္နိဋ္ဌာန်သည် ရှေးဦးစွာဖြစ်သောကြောင့် "သန္နိဋ္ဌာန်"ကို ရှေးဦးစွာဟောတော်မူပါသည်။
(ယမကဋ္ဌ ဝိဘာဝနီ - နှာ - ၂၇)

* သံသယကို ဟောတော်မူခြင်းအကြောင်း -
ဘုရားရှင်အား ယုံမှားသံသယဖြစ်တော်မူသောကြောင့် သံသယကို ဟောတော်မူသည်မဟုတ်။ ဝေနေယျတို့၏ သံသယဖြစ်လောက်သောအရာ၌ သံသယဖြစ်ပုံကို ပြလိုသောကြောင့် "သံသယ" ကို ဟောတော်မူပါသည်။ (ယမကဋ္ဌ ဝိဘာဝနီ - နှာ - ၂၈)

* သန္နိဋ္ဌာန် သံသယမမြဲခြင်းအကြောင်း -
သတ္တဝါတို့အား အဇ္ဈာသယ အမျိုးမျိုးရှိကြလေသောကြောင့် အချို့သောသတ္တဝါတို့မှာ "ကုသိုလ်မည်သောတရားသည် ကုသိုလ်မူမည်လေသလော" ဟူ၍ရင်း၊ အချို့သောသတ္တဝါတို့မှာ "ကုသိုလ်မူမည်သောတရားသည် ကုသိုလ်မည်လေသလော" ဟူ၍ရင်း ဤသို့စသောအားဖြင့် အမျိုးမျိုး သံသယဖြစ်ကြသောကြောင့် သန္နိဋ္ဌာန်, သံသယမမြဲခြင်းဖြစ်သည်။ (ယမကဋ္ဌ-နှာ-၂၉)

* မူလမူလနယကို ဟောတော်မူခြင်းအကြောင်း -
မူလနယနှင့် တရားကိုယ် အရကောက်ကွဲပြားမှုမရှိသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် သတ္တဝါတို့အား တရားမှန်ကို သိစေလိုသောကြောင့် "မူလမူလနယ"ကို ဟောတော်မူပါသည်။
(ယမကဋ္ဌ-နှာ-၃၅)

* "မူလနှင့် အညမညမူလ အထူး" -
ဟေတုပစ္စည်းထိုက်သော ဟိတ်ခြောက်ပါး (တနည်း) ဟိတ်ကိုးပါးသည် မူလတရားမည်၏။ ဟေတုပစ္စယုပ္ပန်ထိုက်သော မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ်ခြောက်ပါး (တနည်း) ဟိတ်ကိုးပါးသည် အညမညမ မူလတရားမည်၏။ ဤသို့ထူးခြားကြပါသည်။ (ယမကဋ္ဌ-နှာ- ၄၉)

* ပဋိက္ခေပဝိသဇ္ဇနာနှင့် ပဋိသေဓဝိသဇ္ဇနာ အထူး -
သန္နိဋ္ဌာန်ပုဒ်၏အနက်ကို ပယ်ခြင်းသည် ပဋိက္ခေပဝိသဇ္ဇနာမည်၏၊ သံသယပုဒ်၏အနက်ကို တားမြစ်ခြင်းသည် ပဋိသေဓ ဝိသဇ္ဇနာမည်၏၊ ဤကဲ့သို့ ထူးကြပါသည်။ (ယမကဋ္ဌ-နှာ-၅၉)

* "ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ" ဟု အရကောက်ဆရာတော်မိန့်ဆိုရခြင်းအကြောင်း -

http://www.dhammadownload.com



ကုသိုလ် နာမက္ခန္ဓာတို့သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သောသတ္တိထင်ရှားရှိသော်လည်း စတုဝေါကာရ ဘုံ၌ ဖြစ်သောအခါ ရုပ်ကိုမဖြစ်စေနိုင်။ ယင်းသို့ဖြစ်၍ စတုဝေါကာရဘုံကို နစ်စေလိုသောကြောင့် "ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ" ဟု အရကောက် ဆရာတော်မိန့်ဆိုရပါသည်။ (ယမကတ္ထ-နှာ-၆၁)

* ကုသလ သမုဋ္ဌာန် ရုပ်-အရ စေတသိက်ကို ထည့်သွင်း၍ ကောက်ရကြောင်း -
စေတသိက်သည် ရုပ်ကိုမဖြစ်စေနိုင်ဟူသော မိစ္ဆာဉာဏ်ကို ပယ်ဖျောက်လိုသောကြောင့် စေတသိက်ကို ထည့်သွင်း၍ ကောက်ရပါသည်။ (ယမကတ္ထ-၆၃)

* စေတသိက်သည် ရုပ်ကိုဖြစ်စေနိုင်ပါလျှက် "ကုသလ စိတ္တ သမုဋ္ဌာန် ရုပ်" ဟု ယမိုက် အဌကထာ ဆရာဖွင့်ဆိုရခြင်းအကြောင်း -
ကုသိုလ် ကမ္မဇရုပ်ကို ဖြစ်စေလိုသည့်အပြင် လောကိယ ဓမ္မဒေသနာ၌ စိတ်သည် စူရ, ဇေဋ္ဌက, ပုဗ္ဗင်္ဂမ ဖြစ်သောကြောင့် စိတ်ကို ပဓာနထား၍ "ကုသလ စိတ္တ သမုဋ္ဌာန် ရုပ်" ဟု ယမိုက် အဌကထာဆရာ ဖွင့်ဆိုရပါသည်။ (ယမကတ္ထ-နှာ-၆၄)

* ကုသလ သမုဋ္ဌာနရုပ်ကို ကုသိုလ်ဟု မခေါ်ရခြင်းအကြောင်း -
အနဝဇ္ဇ သုခ ဝိပါကဟု ဆိုအပ်သော ကုသလ လက္ခဏာ မရှိသောကြောင့် ကုသလ သမုဋ္ဌာနရုပ်ကို ကုသိုလ်ဟု မခေါ်ပါ။ (ယမကတ္ထ-နှာ-၆၄)

* မောဟမူဒွေ၌ မောဟကို ကြဉ်ပါလျှက် အရေအတွက် မလျော့ခြင်း -
မောဟမူဒွေ၌ မောဟကို ကြဉ်သော်လည်း လောဘမူ ဒေါသမူတို့၌ရှိသော မောဟသည် ကြွင်းကျန်သေးသောကြောင့် စေတသိက်အရေအတွက် မလျော့ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် ခရုခွံအတွင်းရှိ အသားဟူသမျှကို စုတ်ယူလိုက်သောအခါ ၎င်းအသားများ သိသိသာသာ ယုတ်လျော့သွားပါလျှက် ခရုမှာ အကောင်အထည်မပျက် မူလပုံသဏ္ဌာန်အတိုင်း တည်ရှိနေသကဲ့သို့ပင်တည်း။ (ယမကတ္ထ-နှာ-၆၆)

* အဟိတ် အကုသိုလ် သဟိတ်အကုသိုလ်အကြောင်း -
မောဟမူဒွေ၌ မောဟသည် သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ် အကုသိုလ်ဟု ခေါ်ဆိုရပါသည်။

အကုသိုလ် ဒွါဒသ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသတို့ကို သမ္ပယုတ်ဟိတ်ရှိသောကြောင့် သဟိတ်အကုသိုလ်ဟု ခေါ်ဆိုရပါသည်။ (ယမကတ္ထ-နှာ-၆၇)

* အကုသလ သမုဋ္ဌာနရုပ်ကို အကုသိုလ်ဟု မခေါ်ဆိုရခြင်းအကြောင်း -
သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာဟု ဆိုအပ်သော အကုသလ လက္ခဏာမရှိသောကြောင့် အကုသလ သမုဋ္ဌာနရုပ်ကို အကုသိုလ်ဟု မခေါ်ဆိုပါ။ (ယမကတ္ထ-နှာ-၆၈)

http://www.dhammadownload.com



* ဒွေပဉ္စဝိညာဉ် တစ်ဆယ်ကို ကြဉ်ရခြင်းအကြောင်း -
ဒွေပဉ္စဝိညာဉ် တစ်ဆယ်တို့၌ ဈာနင်, မဂ္ဂင်, ဟိတ်မရှိသောကြောင့် စိတ်အင်္ဂါအားနည်းလေရကား ရုပ်ကိုမဖြစ်စေနိုင်။ ထို့ကြောင့် ဒွေပဉ္စဝိညာဉ်တစ်ဆယ်ကို ကြဉ်ရပါသည်။ (ယမကဋ္ဌ-နှာ-၇၂)

* အဟိတ် ပဋိသန္ဓေ၊ အဟိတ် စုတိတို့ကို မကြဉ်ရခြင်းအကြောင်း -
ပဋိသန္ဓေ စုတိတို့သည် ဘဝင်၌ အကျုံးဝင်သောကြောင့် ဘဝင်စိတ်နှင့် တရားကိုယ် ထူးခြားခြင်း မရှိ။ ယင်းသို့ဖြစ်၍ ကြဉ်သော်လည်း စိတ်အရေအတွက် လျော့မည်မဟုတ်သောကြောင့် မကြဉ်ရခြင်းဖြစ်ပါသည်။ (ယမကဋ္ဌ-နှာ-၇၃)

* ဥတုဇရုပ်ကို ထပ်မံမိန့်ဆိုခြင်းအကြောင်း -
ဗာဟိရရုပ်ကို ဆိုရုံမျှဖြင့် ဥတုဇရုပ်မကုန် ကမ္မဇိယ ဗဒ္ဓ ဥတုဇရုပ်ကြွင်းကျန်နေသောကြောင့် ၎င်းကမ္မဇိယ ဗဒ္ဓ ဥတုဇရုပ်တို့ကို သိမ်းကြုံးခြင်းအကျိုးငှာ ဥတုဇရုပ်ကို တဖန်မိန့်ဆိုရပါသည်။ (ယမကဋ္ဌ-နှာ-၇၄)

* အရူပဝိပါက်လေးခုတို့ကို ကြဉ်ရခြင်းအကြောင်း -
ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့်၎င်း အရူပကုသိုလ် ဟူသော အကြောင်း၏ ရုပ်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း (ဝါ) ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၎င်း အရူပဘုံ၏ရုပ်ဖြစ်ရာ အရပ်မဟုတ်သောကြောင့်၎င်း အရူပဝိပါက်လေးခုတို့ကို ကြဉ်ရပါသည်။ (ယမကဋ္ဌ-နှာ-၇၈ + ဝိဘာဝနီဋီကာရုပ်ပိုင်း ၁၈၅-၁၃)

* အရူပဘုံ၌ စိတ်ဟူသမျှ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း -
အရူပ ဝိပါက်သာ ရုပ်ကိုမဖြစ်စေနိုင်သည်မဟုတ် အရူပဘုံ၌ဖြစ်သော ကုသိုလ် စိတ် ပန္နရသ, အကုသိုလ်စိတ် ဒသ, ကြိယာစိတ် တေရသ, ဖိုလ်စိတ်လေးခုဟု ဆိုအပ်ကုန်သော လေးဆယ့်နှစ်ပါးသောစိတ်တို့သည်လည်း အရူပဘုံ၌ ရုပ်ဖြစ်ခြင်း မရှိသောကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။ (ယမကဋ္ဌ-နှာ-၇၈)

* စိတ်, စေတသိက်, နိဗ္ဗာန်တို့ နာမ်မည်ခြင်းအကြောင်း -
စိတ်, စေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွတ်ကိုင်းတတ်သောကြောင့်၎င်း၊ မိမိသို့ အာရမ္မဏိက တရားတို့ကို အချင်းချင်းညွတ်ကိုင်းစေတတ်သောကြောင့်၎င်း စိတ်, စေတသိက်တို့သည် နာမ်မည်ပါသည်။ မိမိသို့ အနဝဇ္ဇ အာရမ္မဏိကတရားတို့ကို ညွတ်ကိုင်းစေတတ်သောကြောင့်၎င်း နိဗ္ဗာန်သည် နာမ်မည်ပါသည်။ (ဏီ-၄ နိက္ခေပကဏ္ဍ- ၃၆၇)
* ရုပ်သည် နာမ်မမည်နိုင်ခြင်းအကြောင်း -
ရုပ်တရားတို့သည် မိမိသို့ အာရမ္မဏိကတရားတို့ကို ညွတ်ကိုင်းစေတတ်သည် မှန်သော်လည်း နာမသဒ္ဒါကို နာမ်တရားတို့၌သာ အထင်ရှားအားဖြင့် တင်စားအပ်လေသောကြောင့် ရုပ်တရားတို့သည် နာမ်မမည်ပါ။ (ဏီ-မူလဋီကာ နိက္ခေပကဏ္ဍ ၁၆၈-၉) (ယမကဋ္ဌ-နှာ-၈၂)

http://www.dhammadownload.com



# ခန္ဓယမိုက်

* မူလယမိုက်၏ အခြားမဲ့၌ ခန္ဓယမိုက်ဟောတော်မူခြင်းအကြောင်း -
မူလယမိုက်၌ ဟောကြားတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို ခန္ဓဒေသနာပြုလုပ်၍ ဟောကြားတော်မူလိုသောကြောင့် မူလယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောတော်မူပါသည်။ (ယမိုက်အဋ္ဌကထာ ၂၄၁-၁၉) (ယမကဋ္ဌ-၈၅)

* ပစ္စနိက်နှစ်ပါးအထူး -
ပဋ္ဌာန်းကျမ်း၌လာသော ပစ္စနိက်ကား ပစ္စယုပ္ပာန်မှ လွတ်သောတရားကို ယူရပါသည်။ ယမိုက်ကျမ်း၌လာသော ပစ္စနိက်ကား အနုလုံ အနုလောမ ပဋိလောမ နှစ်ပါးစုံတို့မှ လွတ်သော တရားကို ယူရပါသည်။ ဤသို့ထူးပါသည်။ (ယမကဋ္ဌ-နှာ-၉၉)

* ပဝတ္တိဝါရ၌ ဥဒ္ဒေသဝါရကို မဟောခြင်းအကြောင်း -
အောက်ပဏ္ဏတ္တိဝါရ၌ ပြဆိုအပ်ပြီးသည်ကို နည်းမှီ၍ သိလောက်သောကြောင့် မဟောပါ။ (ယမကဋ္ဌ-နှာ-၁၂၀)

* ပဝတ္တိဝါရ၌ ဟောသောပုဂ္ဂိုလ်၊ မဟောသောပုဂ္ဂိုလ်များ -
ခန္ဓယမိုက် ပဝတ္တိဝါရ၌ ပုထုဇ္ဇဉ် ပုဂ္ဂိုလ်လေးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်အားဖြင့် ရှစ်ယောက်သောပုဂ္ဂိုလ်တို့ကို ဟောပါသည်။
စုတိပဋိသန္ဓေတို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ကို မဟောပါ။ (ယမကဋ္ဌ-နှာ-၁၂၈)

* အရှင် အသေ စသည်ရွေးချယ်ပုံ -
ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်တို့တွင် ပုထုဇ္ဇဉ်ပုဂ္ဂိုလ် (၄) ယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃)ယောက် အားဖြင့် (၇)ယောက်သောပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေနိုင်သော (အရှင်) ပုဂ္ဂိုလ်တို့မည်ကုန်၏။
ပုထုဇဉ် ပုဂ္ဂိုလ် (၄) ယောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် (၄) ယောက်အားဖြင့် (၈) ယောက်သော ပုဂ္ဂိုလ်တို့သည် စုတိနိုင်သော (အသေ) ပုဂ္ဂိုလ်တို့မည်ကုန်၏။
မဂ်ပုဂ္ဂိုလ် (၄) ယောက်တို့သည်ကား ပဋိသန္ဓေလည်း မနေနိုင်၊ စုတိလည်း မစုတိနိုင်သော (မရှင် မသေ) ပုဂ္ဂိုလ်တို့ မည်ကုန်၏။

(၁) ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်ကား = အကနိဋ္ဌ အနာဂါမ်ပုဂ္ဂိုလ်တည်း။
(၂) သေသာသေ၍ မရှင်သောပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်တည်း။
(၃) သေလည်းသေနိုင် ရှင်လည်းရှင်နိုင်သောပုဂ္ဂိုလ်ကား အကနိဋ္ဌ အနာဂါမ်မှ ကြွင်းသော ပုထုဇ္ဇဉ်လေးယောက်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့ပေတည်း။
(၄) ရှင်လည်း မရှင်နိုင် သေလည်းမသေနိုင်သောပုဂ္ဂိုလ်ကား မဂ်ပုဂ္ဂိုလ်လေးယောက်တို့ပေတည်း။
(ယမကဋ္ဌ-နှာ-၁၂၉)

* ပဝတ္တိဝါရနှင့် ပရိညာဝါရ ကာလယူပုံ အထူး

http://www.dhammadownload.com



ပဝတ္တိဝါရနှင့် ပရိညာဝါရတို့ ကာလယူပုံ အထူးကား ပဝတ္တိဝါရ၌ စုတိပဋိသန္ဓေတို့၏အစွမ်းအား ဖြင့် ပိုင်းခြားရပါသည်။

ပရိညာဝါရ၌ ပဝတ္တိအခါ စိတ္တက္ခဏ၏အစွမ်းအားဖြင့်သာ ပိုင်းခြားရပါသည်။(ယမက-နှာ-၁၉၁)

* ပရိညာဝါရ၌ ဟောသောပုဂ္ဂိုလ်များ -

ပရိညာဝါရ၌ ဘဗ္ဗပုထုဇ္ဇဉ်, အဘဗ္ဗ ပုထုဇ္ဇဉ် အရိယာရှစ်ယောက်အားဖြင့် ပုဂ္ဂိုလ် (၁၂)ယောက် တို့ကို ဟောတော်မူပါသည်။ (ယမကတ္ထ-နှာ-၁၉၂)

* ပရိညာဝါရ ပုဂ္ဂိုလ်ကို ခွဲပုံ -

(က) ခန္ဓာငါးပါးကို ပိုင်းခြား၍ သိဆဲပုဂ္ဂိုလ်ကား အရဟတ္တမဂ္ဂဋ္ဌာန်။

(ခ ) ခန္ဓာငါးပါးကို ပိုင်းခြား၍ သိပြီးပုဂ္ဂိုလ်ကား အရဟတ္တဖလဋ္ဌာန်။

(ဂ ) ခန္ဓာငါးပါးကို ပိုင်းခြား၍ သိလတ္တံ့ပုဂ္ဂိုလ်ကား ကျွတ်ထိုက်သောပုထုဇ္ဇဉ်, အောက်မဂ္ဂဋ္ဌာန် သုံးယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့တည်း။

(ဃ) ခန္ဓာငါးပါးကို ပိုင်းခြား၍ သိဆဲလည်းမဟုတ်၊ သိပြီးလည်းမဟုတ်၊ သိလတ္တံ့လည်းမဟုတ် သော ပုဂ္ဂိုလ်ကား မကျွတ်ထိုက်သော အဘဗ္ဗ ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တည်း။(ယမကတ္ထ-နှာ၁၉၅)

## အာယတန

* ခန္ဓယမိုက် အခြားမဲ့၌ အာယတနကို ဟောခြင်းအကြောင်း -

မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို ပေါင်းရုံ၍ ရူပသံမုဋ္ဌ, နာတိသံခိတ္တ နာတိဝိတ္ထာရရုစိ, မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်တို့အလို့ငှာ ခန္ဓယမိုက်၏ အခြားမဲ့၌ဟောတော်မူ လိုသောကြောင့် ခန္ဓယမိုက်အခြားမဲ့၌ အာယတနယမိုက်ကို ဟောပါသည်။ (ယမကတ္ထ-နှာ-၂၀၀)

* တဏှာကို သောတဟုဆိုခြင်းအကြောင်း -

သဒ္ဒါရုံကို ကြားတတ်သောကြောင့် တဏှာကို "သောတ"ဟုဆိုသည်မဟုတ်၊ စက္ခုဒွါရစသည်တို့၏ အစွမ်းအားဖြင့် ရူပါရုံအစရှိသော အာရုံတို့၌ ယိုစီးတတ်သည်ဖြစ်၍ (ဝါ) အလုံးစုံသောဘဝမှ ယိုစီးတတ်သည်ဖြစ်၍ ရေအလျဉ်နှင့်တူသောကြောင့် တဏှာကို "သောတ"ဟု ဆိုပါသည်။ (ယမကတ္ထ-နှာ-၂၁၀)

* ရသ (၃) ပါးနှင့်အရ -

(၁) သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အရဟတ္တဖိုလ်ဟုဆိုအပ်သော သာမညဖိုလ်လေးပါး တို့ကို "အတ္ထရသ" ဟုခေါ်သည်။

(၂) သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အရဟတ္တမဂ်ဟုဆိုအပ်သော မဂ်လေးပါးတို့ကို "ဓမ္မရသ" ဟုခေါ်သည်။

(၃) အမြိုက်နိဗ္ဗာန်ကို "ဝိမုတ္တိရသ" ဟုခေါ်သည်။ (ယမကတ္ထ-နှာ-၂၁၉)

* ပညတ်မရကြောင်း

http://www.dhammadownload.com



သုဒ္ဓါယတနဝါရ၌ အာယတနထိုက်သော ပရမတ္ထသက်သက်ကိုသာ ဟောသောကြောင့် ယင်းဝါရ၌ ပညတ်ကိုမရပါ (ဝါ) ဟောတော်မမူပါ။

* ပဋိသန္ဓေခဏ၌ သဒ္ဒါယတန မရနိုင်ခြင်းအကြောင်း -
"သဒ္ဒေါ စိတ္တော တုဇော" ဟူသော လက်သန်းအဋ္ဌကထာနှင့်အညီ သဒ္ဒါယတနသည် စိတ်, ဥတု ကြောင့်သာဖြစ်၏၊ ပဋိသန္ဓေစိတ်သည်လည်း ဒုဗ္ဗလဖြစ်သောကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကြောင့် ပဋိသန္ဓေခဏ၌ သဒ္ဒါယတနကို မရနိုင်ခြင်းဖြစ်သည်။ (ယမကတ္ထ-နှာ-၂၃၁)

* (ပဋိသန္ဓေခဏ၌ မရနိုင်သည်ထားဦးအံ့) အဘယ်ကြောင့် ပဝတ္တိဝါရ၌လည်း သဒ္ဒါယတနကို မဟောပါသနည်း -
အာယတန ယမိုက် ပဝတ္တိဝါရကို ပဝတ္တိကာလဖြင့် မပိုင်းခြား ပဋိသန္ဓေစုတိတို့ဖြင့်သာ ပိုင်းခြားအပ်သောကြောင့် ပဝတ္တိဝါရ၌ သဒ္ဒါယတနကို မဟောပါ။ (ယမကတ္ထ-နှာ-၂၃၂)

* ပဋိသန္ဓေကို ယောနိဟုဆိုကြောင်း -
သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး ရောနှောခြင်းမရှိသော်လည်း ဇာတ်အားဖြင့် တူသည်ဖြစ်၍ ရောနှောသကဲ့သို့ဖြစ်ကြောင်း ဖြစ်သောကြောင့် "ပဋိသန္ဓေ"ကို ယောနိဟုဆိုသည်။

* အဘယ်ပုဂ္ဂိုလ်၌ အဘယ်ယောနိကို ရအပ်ပါသနည်း -
ငရဲ၌ဖြစ်သော သတ္တဝါ, ဘုမ္မဇိုဝ်း နတ်ကြဉ်သော ကြွင်းသောနတ်များ နိဇ္ဈာမတဏှိကပြိတ္တာတို့၌ ဩပပါတိက ယောနိတစ်ပါးကိုသာ ရအပ်ပါသည်။
တိရစ္ဆာန်, နိဇ္ဈာမတဏှိကပြိတ္တာကြဉ်သော ကြွင်းသောပြိတ္တာ, ဘုမ္မဇိုဝ်း, နတ်, လူတို့၌ ယောနိလေးပါးလုံးရအပ်ပါသည်။ (ယမကတ္ထ-နှာ-၂၄၀)

* စက္ခုမူ ဓမ္မမူလီ "သဓမ္မကာနံ, အဓမ္မကာနံ"ဟု ဝိဘင်းမထုတ်ရကြောင်း -
ဥပပဋ္ဋွ ပုဂ္ဂိုလ်မှန်သမျှ ဓမ္မာယတနမချို့ကောင်းသောကြောင့် "သဓမ္မကာနံ အဓမ္မကာနံ"ဟု ဝိဘင်းမထုတ်ရပါ။ (ယမကတ္ထ-နှာ-၂၅၉)

* ကာမာဝစရဖြစ်ပြန်ကောင်း၌ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မကောက်ရခြင်းအကြောင်း
အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့် ကာမဘုံ၌ တဖန်ပြန်၍ မဖြစ်ကောင်းသောကြောင့် မကောက်ရခြင်းဖြစ်ပါသည်။ (ယမကတ္ထ-နှာ-၂၇၈)

## ဓာတုယမိုက်

* အာယတနယမိုက်၏ အခြားမဲ့၌ ဓာတုယမိုက်ကို ဟောတော်မူခြင်းအကြောင်း
မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကိုသာလျှင် ဓာတ်၏အစွမ်းအားဖြင့် သိမ်းကြုံး၍ အာယတနယမိုက်၏အခြားမဲ့၌ နာမရူပသံမူဠ, ဝိတ္ထာရရုစိ, မုဒိန္ဒြိယပုဂ္ဂိုလ်အလို့ငှာ ဓာတုယမိုက်ကို ဟောတော်မူပါသည်။ (ယမကတ္ထ-နှာ-၃၃၆)

http://www.dhammadownload.com



# သစ္စယမိုက်

* အာယတနယမိုက်၏ အခြားမဲ့၌ ဓာတုယမိုက်ကို ဟောတော်မူခြင်းအကြောင်း -
မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို သစ္စာ၏အစွမ်းဖြင့် ပေါင်းရုံး၍ ဓာတုယမိုက်၏ အခြားမဲ့၌ ဟောကြားတော်မူလိုသောကြောင့် ဓာတုယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ခါရယမိုက်ကို ဟောတော်မမူဘဲ သစ္စာယမိုက်ကို ဟောတော်မူပါသည်။
(ယမကဋ္ဌ-နှာ-၃၄၉)

* သစ္စာလေးပါးတို့ကို အစဉ်အတိုင်းဟောခြင်း -
သစ္စာလေးပါးတို့တွင် ရုန့်ရင်းသောကြောင့်၎င်း၊ အလုံးစုံသောသတ္တဝါတို့နှင့် ဆက်ဆံသောကြောင့်၎င်း သိလွယ်သောကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူပါသည်။
ထိုဒုက္ခသစ္စ၏အကြောင်းကိုပြခြင်းငှာ ဒုက္ခသစ္စာ၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူပါသည်။
အကြောင်းဖြစ်သော သမုဒယချုပ်လျှင် အကျိုးဖြစ်သော ဒုက္ခချုပ်၏ဟု သိစေခြင်းအကျိုးငှာ သမုဒယသစ္စာ၏အခြားမဲ့၌ နိရောဓသစ္စာကို ဟောတော်မူပါသည်။
ထိုနိရောဓသစ္စာကို သိရခြင်း၏အကြောင်းကို ပြခြင်းငှာ အဆုံး၌ မဂ္ဂသစ္စာကို ဟောတော်မူပါသည်။ (ယမကဋ္ဌ-နှာ-၃၅၃)

* တဏှာ၏ ပြဓာန်းသောအကြောင်းဖြစ်ပုံ -
ကံဆန်းကြယ်သည်၏အကြောင်း၏အဖြစ်ဖြင့်၎င်း၊ ကံ၏အဖော်သဟဲအဖြစ်သို့ ကပ်ရောက်သဖြင့်၎င်း၊ ဒုက္ခဆန်းကြယ်သည့်အကြောင်း၏အဖြစ်ကြောင့် တဏှာ၏ပြဓာန်းသောအကြောင်း ဖြစ်ရပါသည်။ (ယမကဋ္ဌ-နှာ-၃၅၄)

* မဂ္ဂသစ္စာကိုသာ နိရောဓသစ္စာ၏အကြောင်းဖြစ်ပုံ -
ဒါန, သီလ, ဘာဝနာ အစရှိသောနိဗ္ဗာန်ရောက်ကြောင်း တရားအပေါင်းများစွာရှိသော်လည်း အကြောင်းများစွာတို့တွင် နိဗ္ဗာန်နှင့်အနီးဆုံးအကြောင်းဖြစ်သောကြောင့် မဂ္ဂသစ္စာကိုသာ နိရောဓသစ္စာ၏အကြောင်း ဖြစ်ရပါသည်။ (ယမကဋ္ဌ-နှာ-၃၅၅)

* တဏှာ, ကာယိကဒုက္ခ, စေတသိကဒုက္ခကို ကြဉ်ရခြင်းအကြောင်း -
သမုဒယသစ္စာ အသီးအခြားဖြစ်သောကြောင့် တဏှာကို ကြဉ်ရပါသည်။
ကာယိကဒုက္ခ, စေတသိကဒုက္ခတို့သည် ဒုက္ခသစ္စာပင်ဖြစ်သော်လည်း နှစ်ဘက်ရထုတ်၍ အသီးအခြားကောက်ယူလတ္တံ့ဖြစ်သောကြောင့် ဒုတိယရာသီအရကောက်၌ ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကို ကြဉ်ရပါသည်။ (ယမကဋ္ဌ-နှာ ၃၅၉-၃၆၀)

* ဣန္ဒြိယဗဒ္ဓရုပ် -
သဝိညာဏကပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော စက္ခု, သောတ စသောဣန္ဒြေတို့နှင့်စပ်၍ ဖြစ်သော ရုပ်နှစ်ဆယ့်ရှစ်ခုကို "ဣန္ဒြိ ဗဒ္ဓ" ရုပ်ဟုခေါ်ပါသည်။ (ယမကဋ္ဌ-နှာ-၃၆၀)

http://www.dhammadownload.com



စေတသိကဒုက္ခတို့ကိုသာ ကောက်ရပါသည်။ (ယမကဋ္ဌ-နှာ-၃၆၀)

* လောကီတရားတို့ကို မဂ္ဂင်မဟုတ်သော်လည်း "သစ္စာဝိမုတ်" မထုတ်ရခြင်းအကြောင်း
လောကီတရားတို့သည် မဂ္ဂင်မဟုတ်သော်လည်း ယထာရဟသမုဒယသစ္စာ, ဒုက္ခသစ္စာ ဖွဲ့အပ်သော တရားတို့ဖြစ်ကုန်သောကြောင့် "သစ္စာဝိမုတ်" မထုတ်ရပါ။ (ယမကဋ္ဌ-နှာ-၃၆၁-၂)

* ဒုက္ခ ဒုက္ခဟုခေါ်ဆိုကြောင်းတရား -
ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ကို သဘောအားဖြင့်၎င်း၊ အမည်အားဖြင့်၎င်း ဒုက္ခ၏အဖြစ်ကြောင့် "ဒုက္ခ ဒုက္ခ" ဟုခေါ်ဆိုရပါသည်။ (ယမကဋ္ဌ-နှာ-၃၆၀)

* အနိန္ဒြိယ ဗဒ္ဓရုပ် - တော,တောင်,ရေ, မြေ, သမုဒ္ဒရာ အစရှိသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်, သဒ္ဒနဝက ကလာပ်နှစ်စည်းကိုအနိန္ဒြိယ ဗဒ္ဓရုပ်ဟုခေါ်ပါသည်။(ယမကဋ္ဌ-၃၆၂)

* အနိန္ဒြိယဗဒ္ဓရုပ်ကို သစ္စဝိမုတ်ထုတ်ရကြောင်း
လက်သန်းအဋ္ဌကထာကျမ်းကိုထောက်၍ မာတိကာအရကောက်ကျမ်း၌ ရုပ်တရားဟူသမျှကို ဒုက္ခသစ္စာဖွဲ့ခဲ့သော်လည်း အနိန္ဒြိယဗဒ္ဓရုပ်ကိုကား ဒုက္ခဟုသာ ဆိုသင့်၏။ ကံ ကိလေသာတို့ကြောင့် မဖြစ်သောကြောင့်၎င်း၊ သမုဒယ,နိရောဓ, မဂ္ဂသစ္စာတရားကိုယ်လည်းမဟုတ်သောကြောင့်၎င်း အနိန္ဒြိယဗဒ္ဓရုပ်ကို သစ္စဝိမုတ်ထုတ်ရပါသည်။ (ယမကဋ္ဌ-နှာ-၃၆၂)

* ပညတ်ကို ထည့်သွင်းကောက်ခြင်းအကြောင်း -
ပညတ်တရားသည် သစ္စာဝိမုတ်ဇကန်ဖြစ်၍ လျှဉ်းပါးဘွယ်မရှိသော်လည်း၊ ဒုက္ခလည်းမဟုတ်၊ ဒုက္ခသစ္စာလည်းမဟုတ်သောကြောင့် တတိယရာသီ၌ ထည့်သွင်းအရကောက်ရပါသည်။

* "သစ္စဝိနိမုတ္တဥ္စ ကိဉ္စိ ဉေယျံ နတ္ထိ"ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်အညီ သစ္စဝိမုတ်တရားတို့ကို သစ္စာဟူသော အရေအတွက် မလွတ်အောင်ဖွဲ့ပုံ။
မဂ်စိတ္တုပ္ပါဒ် (၂၉) ခု၊ မဂ္ဂင်တရားကိုကြဉ်သော ဖိုလ်စိတ္တုပ္ပါဒ် (၂၉) ခု၊ အနိန္ဒြိယ ဗဒ္ဓရုပ်၊ ပညတ်တို့ကို ဒုက္ခသစ္စာ၌ အလျှော်အားဖြင့်သွင်း၍ ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးတို့ကို မဂ္ဂသစ္စာ၌ အလျှောက်အားဖြင့်သွင်းခဲ့သော် သစ္စာဟူသော အရေအတွက်မှ မလွတ်ပါ။

* သစ္စယမိုက် ပဝတ္တိဝါရ၌ ဟောသောပုဂ္ဂိုလ် - ဟောရာကာလကား--(ယမကဋ္ဌ-နှာ-၃၇၄)
သစ္စယမိုက် ပဝတ္တိဝါရ၌ ပု-၄၊ အရိ ၈-ပုဂ္ဂိုလ် ၁၂-ယောက်ဟော၍ကာလအားဖြင့်-သမု+မဂ္ဂ ၌ ပဝတ္တိကာလ၌သာဟော၍၊ ဒုက္ခသစ္စာ၌ ပဋိ-ပဝတ္တိ-စုတိ ကာလသုံးပါးလုံးဟောသည်။

**ယမကနောက်ဆက်တွဲအဓိပ္ပါယ်များပြီး၏။**

http://www.dhammadownload.com



ပဥ္စမအကြိမ် ၂၀၁၀-ဇွန်လ

# ပထမလတ်တန်း = ယမကအလင်းရောင်

## ဓမ္မဒါန ကောင်းမှုရှင်

၁။ ဦးနာဂိန္ဒ (ဓမ္မဓရ) ညောင်တုန်းတိုက်၊ ဗဟန်း၊ ၁၀၀၀၀၊

၂။ ဒေါ်ကုသလမဏိ၊ ရွှေဂွန်းသီလရှင်စာသင်တိုက်၊ ဗဟန်း(၁)လမ်း၊ ၂၀၀၀၀၊

၃။ မိဘနှစ်ပါး၊ ဒေါက်တာ အောင်ထွေးဝင်း နှင့် မောင်နှမများ
**"အေဝမ်းလျှပ်စစ်"** မိသားစု၊ အမှတ် ၁၃၅၊ လမ်း၃၀၊ ရန်ကုန် ၅၀၀၀၀၊

၄။ မအေးအေးပြုံး၏ မွေးနေ့အထိမ်းအမှတ် (၂၄-၄-၂၀၁၀)စနေ ၃၀၀၀၀၊

၅။ ဒေါ်နီနီဝင်း ၏ (၄၇)ပြည့် မွေးနေ့အထိမ်းအမှတ် (၃-၁-၂၀၁၀) ၂၅၀၀၀၊

၆။ ဦးရှိန်လင်း သား မောင်ခွန်ငြိမ်းမောင် မိသားစု၊ (၃၁-၃-၁၀) ၁၀၀၀၀၊

၇။ ဒေါ်ခင်မြင့်အားအမှူးထား၍ သမီး ဒေါ်ခင်သီတာအောင်၊
မြေး မယဉ်မင်းသန့်၊ မြေး မောင်စည်သူလွင်၊ ၂၉ဘီ၊၂လွှာ၊
အထက် မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်၊ ၂၀၀၀၀၊

၈။ ဒေါ်ခင်မြင့် အသက်(၇၃)ပြည့်မွေးနေ့ (၃၀-၃-၁၀) ၁၀၀၀၀၊

၉။ ဒေါ်ခင်သီတာအောင် နှင့် တူဖြစ်သူမောင်စည်သူလွင်မွေးနေ့၊ ၁၀၀၀၀၊

---

**"အမတံ ဒဒေါ စ သော ဟောတိ"** = တရားအလှူ ပေးလှူသူသည် အမြိုက်
နိဗ္ဗာန်ကို ပေးလှူသည်မည်၏။

**'ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ'** (ပဋ္ဌာန ပါဠိ)

**ရှေးကပြုဘူး၊ ကုသိုလ်ထူး၊ ကြည်နူးဆင်ခြင်လျှင်။**
**ကောင်းကျိုးတရား၊ များအပြား၊ ရခြားကြသည်ပင်။**

* **ယမကအလင်းရောင်**(ဆဋ္ဌအကြိမ်) (ပထမကြီးတန်း) အတွက် ပုံသေနည်းမျိုးစုံ, အဓိပ္ပါယ်မျိုးစုံ, မေးခွန်းဟောင်း, မေးခွန်းသစ်မျိုးစုံတို့ဖြင့်အထူးခြယ်မှုန်းပြင်ဆင်ဖြည့်ထားပါသည်။

* **ပဋ္ဌာန်းအလင်းရောင်** ဤ(အဋ္ဌမအကြိမ်)၌ ကောင်းနိုးရာရာ, အနက်, အဓိပ္ပါယ်, အနုဝါဒကောက်, မေးခွန်းဟောင်း, မေးခွန်းသစ်မျိုးစုံတို့ဖြင့်အထူးခြယ်မှုန်းပြင်ဆင်ဖြည့်စွက်ထားပါသည်။